၅၀-ပြား

ဂ·၁၆

# မျက်မမြင်တိုင်းပြည်

သခင်ဘသောင်း
ဘာသာပြန်သည်



အိပ်-ဂျီ-ဝဲ(စ်)၏

# မျက်မမြင်တိုင်းပြည်

သခင်ဘသောင်း-မြန်မာပြန်သည်

ဂျက်နှင့်ဖိုးပန်းချီသရုပ်ဖော်-ဦးဟယ်ရီအောင်

စာပေဗိမာန်ထုတ်ပြည်သူ့လက်စွဲစာစဉ်

ဟေသာ ယုမွန်

## ၁၉၅၉ - ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ(မှတ်ပုံတင်)အက်ဥပဒေပုဒ်မ-၇ (၁) အရ၊ ပေးအပ်သော ဝန်ခံချက်များ

အောက်တွင် လက်မှတ်ရေးထိုးသူ ကျွန်တော် ဦးမြတ်စိုး သည် ၁၉၅၉ ခုနှစ်၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ (မှတ်ပုံတင်) အက်ဥပဒေ၏ ဒုတိယဇယားတွင် ဖော်ပြထားသည့် အောက်ပါ ဝန်ခံချက်များနှင့်အညီထာဝစဉ် ဆောင်ရွက်ရန် ကတိခံဝန်ချက် ပြုပါ သည်။

(က) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ပါရှိသော မူလအခွင့်အရေးများကို ပျက်ပြားစေရန် ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသောမည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို မည်သည့်အခါမျှ မပြုပါ။

(ခ) ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုကိုသော်၎င်း၊ ယုံကြည်မှုကိုသော်၎င်းမည်သည့်အခါမျှ မပုတ်ခတ်၊ သို့တည်းမဟုတ် မရှုတ်ချပါ။

(ဂ) နိုင်ငံရေးအာဏာကို လက်နက်ဖြင့် သိမ်းယူရန် မည်သည့်ရွေ့ရှားချက်၊ သို့တည်းမဟုတ် ကျင့်သုံးချက်မျိုးကိုမဆို မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဃ) ပြည်ထောင်စု မြန်မာနိုင်ငံတွင် ပေါ်ပေါက်သော နိုင်ငံရေးအာဏာရှင် စံနစ်မျိုးကိုမဆို ရွေးရှရန်၊ တည်ထောင်ရန်၊ သို့တည်းမဟုတ် ကျင့်သုံးရန်၊ မည်သည့်အခါမျှ ထောက်ခံခြင်း၊ တိုက်တွန်းခြင်း၊ လှုံ့ဆော်ခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(င) အတိုက်အခံ နိုင်ငံရေးအဖွဲ့အစည်းများထားရှိခွင့်ပြုသော ပါလီမန်ဒီမိုကရေစီ စံနစ်ကို ပျက်ပြားစေရန်ကြံရွယ်သော၊ သို့တည်းမဟုတ် ပျက်ပြားမည့်အကြောင်းဖြစ်ပေါ်စေသော မည်သည့်အကြံပေးမှု၊ တိုက်တွန်းမှု၊ လှုံ့ဆော်မှု၊ အားပေးမှု၊ သို့တည်းမဟုတ် ဝါဒဖြန့်မှုမျိုးကိုမဆို၊ မည်သည့် အခါမျှ မပြုပါ။

(စ) လျှို့ဝှက်ရဲအဖွဲ့ ( Secret Police ) ဖွဲ့စည်း၍ စိုးမိုးအုပ်ချုပ်သည့် စံနစ်မျိုး တည်ထောင်ခြင်းကိုသော်၎င်း၊ တည်ထောင်ရန် ကြိုးပမ်းအားထုတ်ခြင်းကိုသော်၎င်း၊ မည်သည့်အခါမျှ အကြံပေးခြင်း၊ လှုံ့ဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်း မပြုပါ။

(ဆ) အခြားနိုင်ငံတခုခုမှဖြစ်စေ၊ နိုင်ငံခြားသားများထံမှဖြစ်စေ၊ ရံပုံငွေအတွက် ငွေကြေး၊ သို့တည်းမဟုတ် ပစ္စည်းအကူအညီ၊ အထောက်အပံ့ကို မှတ်ပုံတင် အာဏာပိုင်၏ ကြိုတင်သဘောတူခွင့်ပြုချက်မရဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ မည်သည့်အခါမျှ လက်ခံခြင်းမပြုပါ။

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ မူများကို ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် လုပ်ငန်းများကို မည်သည့်အခါမျှ ထောက်ခံခြင်း၊ အားပေးခြင်း၊ သို့တည်းမဟုတ် ဝါဒဖြန့်ချိပေးခြင်းမပြုပါ။

လုပ်ငန်းအမည် စာပေဗိမာန်

ထုတ်ဝေသူ၏လက်မှတ်

ဆိုင်းစာအပြည့်အစုံ ၃၆၁ - ပြည်လမ်း၊ ရန်ကုန်မြို့

# မျက်မမြင်တိုင်းပြည်

တောင်အမေရိကတိုက် ဆိမ်ဗောရဇောမှ မိုင်သုံးရာကျော်၊ ကောတောပက်စီ ဆီးနှင်းတောင်များမှ မိုင်တရာကွာသော ကွေဒေါပြည် အန္ဒိတောင်တန်းဒေသ တောနက်ကြီးထဲတွင် တကမ္ဘာလုံးနှင့်အဆက်ပြတ်၍နေသော လူ မရောက်သည့် တောင်ကြားဒေသ၌ မျက်မမြင်တိုင်းပြည်ရှိသည်။ နှစ်ပေါင်းများစွာ လွန်ခဲ့ပြီးသော အခါက ထိုတောင်ကြားဒေသရှိ ညီညာသော မြက်ခင်းများ သို့၊ကြောက်မက်ဖွယ်ကောင်းသော ရှိုကြီးများကို ဖြတ်၍ ရေခဲများ ဖုံးလွှမ်းနေသောတောင်ကြားလမ်းများကို ကျော်ပြီးလျှင် လူများရောက်ပေါက်နိုင်ခဲ့သည်။ ထိုဒေသသို့ စင်စစ်အားဖြင့် ပေရူပြည်သား ကပြားအိမ်သားတစုသည် စပိန်လူမျိုးတို့၏ လောဘဇောတိုက်မှုနှင့် မတရားအုပ်ချုပ်မှုဒဏ်မှ လွတ်မြောက်ရန် ထွက်ပြေးခဲ့ကြသည်။ ထို့နောက် မိန္ဒိုဗမ်ဗငလျင်ကြီးလှုပ်သဖြင့် ကွီတောမြို့တွင် တဆယ့်ခုနစ်ရက်တာမျှ မှောင်ကြီးအတိကျပြီးလျှင် ယဂုအဆိမြို့တွင် ရေများ ပွက်ပွက်ဆူ၍ ဂွယကွီအထိ ငါးများ အကုန်လုံး သေကုန်သည်။ ပြီးလျှင်ပစိဖိတ် သမုဒ္ဒရာဆင်ခြေလျှောကမ်းများလည်း အကုန်လုံးပြိုကျကုန်သည်။ ထို့နောက်ရေခဲများ လျှင်မြန်စွာပျော်ကျပြီးလျှင် ရုတ်တရက် ရေကြီး လွှမ်းမိုးသွားသည်။ ထို့နောက် အရောက တောင်ထိပ် တခြမ်းလုံးပြိုကျသဖြင့်မျက်မမြင်တိုင်းပြည်သို့ သွားရာလမ်း တခါတည်း ပိတ်သွားသည်။

သို့ရာတွင် ကံအားလျော်စွာ အဆိုပါ ပေရု ကပြားများ အနက်တယောက်သောသူသည် ထိုကြောက်မက်ဖွယ် ကောင်းသော လျှောင်ကြီး လှုပ်သော အခါတွင် ရှုံကြီးများ၏ ဤမှာဖက်တွင် ရောက်နေသည်။ ဤနည်းဖြင့် ထိုသူသည် သူ့ မယား၊ သူ့ ကလေး၊ သူ့ မိတ်ဆွေများနှင့် သူ့ ပစ္စည်းများကို ဟိုမှာဖက်တွင် စွန့်ပစ်ရပြီးလျှင်၊ နိမ့်ဝှမ်းရာဒေသတွင် သူ၏ ဘဝသစ်ကို အသစ်ပြန်၍ ထူထောင်ရသည်။ သို့ရာတွင် သူ၏ ဘဝသစ်မှာ အစမကောင်း။ သူ၏ မျက်စိများသည် ကန်း၍သွားသည်။နောက်တွင် ထိုသူသည် သတ္တုတွင်းထဲ၌ အပြစ်ဒဏ်ခံယင်းသေသွားသည်။ သို့ရာတွင် ထိုသူပြောခဲ့သော အကြောင်းများသည် အန္ဒိတောင်တန်းရှိ ကောဒိလေရ အရပ်တွင် ယနေ့တိုင် ပုံပြင်သဖွယ်ဖြစ်လျက်ရှိသည်။

ထိုသူက မိမိသည်အကလေးအရွယ်တွင် ကုလားအုပ် မွေးရှည်ပေါ်တွင် ဝန်ထုပ်ကြီးတခုနှင့် အတူချည်တွဲ၍၊ မျက်မမြင်တိုင်းပြည်သို့ရောက်သွားပြီးနောက် ထိုပြည်မှ အဘယ်ကြောင့် စွန့်စား၍ မိမိပြန်လာခဲ့ကြောင်းကို ပြောပြသည်။ မျက်မမြင်ပြည်တည်ရာ တောင်ကြားဒေသသည် လူတို့တောင့်တအပ်သော အရာအားလုံးနှင့် ပြည့်စုံသည်ဟု ထိုသူကပြောပြသည်။ ဥပမာ ဆိုသော် ထိုဒေသသည် ရေချိုများ၊ နွားစားကျက်များ ပေါများ၍ ရာသီဥတုလည်း မျှတသည်။ အလွန်အရသာရှိသော အသီးများသီးသည့် ချုံပုတ်များပေါက်ရောက်သည့်မြေညိုကုန်းစောင်းများနှင့်လည်း ပြည့်စုံသည်။ ထိုဒေသ၏ တဖက်တွင်လည်း ထင်းရှူးတောကြီးများရှိသဖြင့် ထိုထင်းရှူးတောကြီးများက ဆီးနှင်းခဲများနှင့် ရေခဲများပြိုကျလာခြင်းကို တားဆီးထားသည်။

မြင့်မားသော အပေါ် သုံးဖက်တွင် စိမ်းဖန့်ဖန့် ကျောက်ကမ်းပါးကြီး များရှိသည်။ ထိုကျောက်ကမ်းပါးကြီးများ၏ ထိပ်တွင် ရေခဲကမ်းပါး ကြီးများရှိသည်။ သို့ရာတွင် ရေခဲစမ်းများသည် သူတို့ဖက်သို့ မစီး ဆင်းဘဲ တခြားနိမ့်ရာဖက်သို့ စီးဆင်းကြသည်။ တခါတရံ သာလျှင် ကြီးမားသော ရေခဲတုံးကြီး များသည် တောင်ကြားဖက်သို့ ကျ လာသည်။

ထိုတောင်ကြားဒေသတွင် မိုးရွာခြင်း၊ နှင်းခဲကျခြင်း အလျှင်း မရှိ။ သို့ရာတွင် စမ်းချောင်းပေါင်းမြောက်မြားစွာ ရှိခြင်းကြောင့် စိမ်းစိုသော နွားစားကျက်များ ပေါများပြီးလျှင် ထိုတောင်ကြား ဒေသ တဝှန်းလုံးတွင် စမ်းချောင်းမှ ရေများကို သွယ်ယူ၍ စိုက်ပျိုးမှု ကို လုပ်နိုင်သည်။ ထိုဒေသသို့သွား၍ အခြေစိုက်ကြသူ များသည် စီး ပွါးလမ်းဖြောင့်ကြသည်။ သူတို့မွေးမြူကြသော တိရစ္ဆာန်များလည်း တိုးပွါးများပြားလာသည်။ သို့ရာတွင် သူတို့တွင် စိတ်မချမ်းသာစရာ အကြောင်းတခုရှိသည်။ ထိုအကြောင်းမှာ သူတို့အဖို့ အကြီးအကျယ် စိတ်မချမ်းသာစရာကြီးဖြစ်သည်။ သူတို့တွင် ကပ်ရောဂါကြီး တခု ဆိုက်ရောက်လာပြီးလျှင် သူတို့မွေးသမျှ ကလေးများမှာ အကုန်လုံး ဝမ်းတွင်းမှ စက္ခုအလင်းကွယ်၍ လာကြသည်။ ကလေးငယ်များ သာမဟုတ် အချို့ကလေးကြီးများလည်း မျက်စိမမြင်ကြ။

ဤကပ်ရောဂါကြီးကို ကာကွယ်နိုင်မည့် မန္တန် လက်ဖွဲ့ သို့မဟုတ် ဖြေဆေးတခုခုရှာရန် အလို့ငှါ အထက်ဖော်ပြရပါသူသည် မောပန်း မှု၊ ခက်ခဲမှု၊ ဘေးအန္တရာယ်ဖြစ်မှုများကို ရင်ဆိုင်၍ ရှိုကြီးဖက်မှဆင်း ၍ လာခဲ့သည်။ ထိုခေတ်တွင် ထိုသို့ဖြစ်သောအခါမျိုး၌ ကပ်ရောဂါတို့

သည် ရောဂါပိုးများ၊ ရောဂါကူးစက်မှုများကြောင့် ဖြစ်သည်ဟု မထင်ကြဘဲ အကုသိုလ်ဒုစရိုက်ကြောင့် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုသူ၏ အထင်တွင် သူတို့တွင် ကပ်ရောဂါကြီး ဆိုက်နေခြင်းမှာ အဆိုပါ တောင်ကြားဒေသသို့ ရောက်လျှင်ရောက်ခြင်း၊ ပေရု ကပြားတို့သည် ရဟန်းများကိုလည်း မပင့်ခဲ့ကြ၊ ဘုရားရှိခိုးကျောင်းကိုလည်းမဆောက်ကြသောကြောင့် ဖြစ်သည်။ ငွေကုန်ကြေးကျလည်းမများ၊ တင့်တယ်ခြင်းနှင့်လည်းပြည့်စုံသော ဘုရားရှိခိုးကျောင်းတဆောင်ကို ထိုသူက သူတို့ တောင်ကြားဒေသတွင် တည်လိုသည်။ ထိုဘုရားရှိခိုးကျောင်းအတွက် ခါတ်တော်များနှင့် ယုံကြည်မှုနှင့် သက်ဆိုင်သော အလားတူ အရာများ၊ ကြည်ညိုဘွယ်ဝတ္ထုများ၊ ဘုရားရှိခိုး ဆုတောင်းများစသည်တို့ကိုလည်း ထိုသူကလိုချင်သည်။ ထိုသူ၏ လွယ်အိတ်ဆဲတွင် တိုင်းရင်းထွက် ဘော်တုံးတတုံးရှိသည်။ သူတို့သည် သူတို့တွင်ရှိကြသော ငွေစများ၊ ပုတီးလက်ကောက် စသည်များကို စုဆောင်း၍ ထားကြသည်။ ထိုအရာများသည် သူတို့အဖို့ အသုံးများစွာ မရှိ။

ထိုသို့ စုဆောင်းထားကြခြင်းမှာ သူတို့တွင် ကျရောက်နေသော ကပ်ရောဂါကို ကာကွယ်ရန် ဘုရား၏ အကူအညီကို ဝယ်ယူရန် ဖြစ်သည်ဟု ထိုသူကပြောသည်။ အဆိုပါ မျက်စိကောင်းစွာ မမြင်သော နေလောင်၍ အသားနီကျစ်၍ နေသော မျက်တွင်းဟောက်ဟောက်၊ သောကမီးတောက်နေသော ဦးထုပ်အနားကို သွေးရူးသွေးတမ်း ဆုပ်ကိုင်ထားသော တောင်အောက်လောက အကြောင်းကို လုံးဝသိနားလည်ခြင်းမရှိသော အဆိုပါ တောင်တက်သမားကလေး၏ စူးရှသော မျက်စိနှင့် သတိရှိသော ရဟန်းအား လျှောင်ကြီး မလှုပ်မီတွင် သူတို့၏

အဖြစ်အပျက်များကို ပြောပြနေဟန်ကို ကျွန်ုပ်မြင်မိသည်။ ထို့ပြင် ထိုသူက သူရရှိထားသော ဆေးစွမ်းကောင်းများကို ယူဆောင်၍ သူ၏ တောင်ကြားဒေသသို့ ပြန်တော့မည် လုပ်နေဟန်ကိုင်း၊ သူဘို့ဒေသ သို့သွားရာဖြစ်သော ရှိုကြီးသည် လျှောင်ကြီးလှုပ်၍ ပိတ်သွားသည်ကို တွေ့ရသဖြင့် ထိုသူသည် အင်မတိ အင်မဘန် စိတ်မချမ်းမမြေ့ဖြစ် သွားဟန်ကိုင်း ကျွန်ုပ်သည် မြင်ယောင်မိသည်။ သို့ရာတွင် ထိုသူ တွေ့ကြုံရသည့် ကျန်သောဒုက္ခများကိုမူ ကျွန်ုပ်သည် မေ့၍ ကုန်ပြီ။ ကျွန်ုပ်သိသော အကြောင်းတခုမှာ နောက် နှစ်ပေါင်းများစွာ ကြာ သောအခါ ထိုသူသည် သေခြင်းဆိုးနှင့် သေရခြင်းဖြစ်သည်။ ....ထိုသူ က မပြောတတ်ပြောတတ်နှင့် ပြောခဲ့သော သူတို့၏ အဖြစ်အပျက် သည် တဆင့်တဆင့်ပြောကြယင်းနှင့် 'ဟို့နားက' မျက်မမြင်ပြည် ဆို သော အဖြစ်သို့ ရောက်သွားပြီးလျှင် ယနေ့တိုင် လူအများက ပြော စမှတ်ပြုကြသေးသည်။

ဤသို့ဖြင့် ယခုအခါတွင် ကမ္ဘာသူကမ္ဘာသားများနှင့် အဆက် ပြတ်၍ လူအများမေ့လျော့နေပြီဖြစ်သောတောင်ကြားရှိ လူစုကလေး ထဲတွင်ကပ်ရောဂါသည် အဆက်မပြတ် မိစ္ဆာဖဆက် ဖြစ်လျက်ရှိသည်။ အသက်ကြီးသူများအနက် အချို့မှာ ဝိုးတိုးဝါးတားမြင်ကြပြီးလျှင် အချို့မှာလုံးဝမျက်စိကွယ်၍ သွားကြသည်။ ငယ်ရွယ်သူတို့မှာ မှုန်မှိုမှုန်မွားသာ မြင်ကြသည်။သူတို့မှ မွေးဖွားသူတို့မှာ လုံးဝ မမြင်ကြ။ သို့ရာတွင် ဆီးနှင်းများ ပတ်လည်ဝိုင်းလျက်ရှိသော လူ့လောကနှင့် အဆက်ပြတ်နေသော ထိုချိုင့်ကြီးအတွင်းတွင် နေရေး၊ ထိုင်ရေးမှာ အလွန်သာယာသည်။ ဆူးပြောင့်ခလုတ်များလည်းမရှိ။ အဆိတ် အ

တောက်ရှိသော တိရစ္ဆာန်များလည်းမရှိ၊ တိရစ္ဆာန်ဟူ၍ ထိုဒေသသို့ ရောက်လာသူတို့ လာခဲ့ရာ လမ်းခရီးဖြစ်သော မြစ်ရေများ ခမ်းခြောက်သွားသည့် ရှုကြီးများတလျှောက် သို့သူတို့မောင်းနှင်သယ်ဆောင်လာသော ကုလားအုပ်မွေးရှည်တမျိုးသာရှိသည်။ ထိုသူတို့၏ မျက်စိများသည် တဖြည်းဖြည်းခြင်းသာ ကွယ်သွားသဖြင့် ထိုသို့ ကွယ်သွားခြင်းကို သူတို့သည် သတိမပြုမိလိုက်ကြ။ ထိုသူတို့သည် မျက်စိမမြင်ကြသော လူငယ်များကို တနေရာမှ တနေရာသို့ သွားတတ်လာတတ်အောင် သင်ကြားပေးကြသဖြင့် နောက်ဆုံးတွင် လူငယ်များသည် သူတို့နေရာ တောင်ကြားတခုလုံးကို ကျွမ်းကျင်၍ နေကြသည်။

ဤနည်းဖြင့် မျက်စိများ လုံးလုံး ကွယ်သွားသောအခါတွင်လည်း သူတို့သည် မျိုးရိုးမပျက် ဆက်၍ တည်နေနိုင်ကြသည်။ သူတို့သည် မျက်စိများကွယ်သွားကြသော်လည်း မီးကို ဘေးမဖြစ်အောင် ကောင်းစွာ ထိန်းသိမ်းနိုင်ကြပြီးလျှင် သတိကြီးစွာနှင့် ကျောက်တုံးများကို မီးဖိုလုပ်၍ မီးကို အသုံးပြုကြသည်။ သူတို့သည် အစကနဦးကပင် စပိန်ယဉ်ကျေးမှု အနည်းအကျဉ်းကိုသာ တွေ့ခဲ့ကြဘူးသော စာမတတ် ပေမတတ် လူရိုး သူရိုးများဖြစ်ကြသည်။ သို့ရာတွင် သူတို့သည် ရှေးပေရုပြည် အစဉ်အလာနှင့် ယခုအခါတွင် ပျောက်ကွယ်သွားပြီဖြစ်သော ပေရုပြည်၏ သုံးသပ် ဆင်ခြင်မှုများကိုမူ ခေါက်မိသလောက် ခေါက်မိကြသည်။ သူတို့၏ ဆွေစဉ်မျိုးဆက်တို့သည် တဆက်ပြီးတဆက် ပေါက်ပွါးလျက်ရှိသည်။ သူတို့သည် များစွာကုန်သော အရာများကိုလည်း မေ့ကုန်ကြပြီ။ များစွာကုန်သော အရာများကိုလည်း ဖန်တီးခဲ့ကြပြီ။ သူတို့၏ မူလအဆက်အနွယ်ဖြစ်သော ကမ္ဘာ

ကြီး၏ အစဉ်အလာများသည် သူတို့၏ စိတ်ထဲတွင် ဒဏ္ဍာရီကဲ့သို့ မသဲမကွဲ ဖြစ်ကုန်ကြပြီ။

သူတို့သည် မျက်စိကွယ်နေသည်မှတပါး အခြားသော အရာများတွင်ကား တိုးတက်လျက်ရှိသည်။ မကြာမီပင် ဘဝနှင့် ရိုးရာ၏ စီမံမှုအရ သူတို့အထဲတွင် ပင်ကိုယ်ဉာဏ်ရှိ၍ အခြားသူများကို တယောက်ပြီး တယောက်နားဝင်အောင် ပြောနိုင်သူတယောက်ပေါ်လာသည်။ ထိုနောက် နောက်တယောက်ပေါ်လာပြန်သည်။ ထိုသူနှစ်ယောက်ကွယ်လွန်သွားသော အခါ သူတို့၏ အတွေးအခေါ် အယူအဆများသည် ကျန်ရစ်ခဲ့သည်။ ဤနည်းဖြင့် သူတို့လူစုကလေးသည် ပွါးများ၍လာပြီးလျှင် ဆင်ခြင်တုံတရားလည်း တိုးတက်လာသည်။ ဤနည်းဖြင့် သူတို့သည် ပေါ်ပေါက်လာသော ပြဿနာများကို ဖြေရှင်းနိုင်ကြသည်။ သူတို့၏သားစဉ်မြေးဆက်သည် တဆက်ပြီးတဆက် ပေါ်လျက်သာရှိခဲ့လေသည်။ ထို့နောက် သူတို့ဒေသမှ ဘော်တုံးကို ကိုင်ဆောင်၍ ထာဝရဘုရား၏ အကူအညီကို ရှာဖွေရန် ထွက်သွားပြီးနောက်၊ သူတို့ဆီသို့ ပြန်မရောက်သောသူမှ ဆွေ ၁၅ ဆက် မျိုး ၁၅ ဆက်မြောက်သော အချိန်လောက်တွင် သူတို့ဒေသသို့ အပြင်လောကမှ လူတယောက်ရောက်လာသည်။ ဤဝတ္ထုမှာ ထိုသူ၏အကြောင်းပင်ဖြစ်သတည်း။

× × × ×

## လောကအပြင်မှ လူ

ထိုသူသည် ကွိတောနယ်မှ တောင်တက်သမား ဖြစ်သည်။ ထိုသူ

သည် သမုဒ္ဒရာထိအောင်လည်း ရောက်ဘူး၍ ဒေသန္တရဗဟုသုတပြည့် ဝသည်။ လောကကြီး အကြောင်းကိုလည်း သိသူဖြစ်သည်။ ထိုသူ သည် ကျမ်းစာများကိုလည်း သူမတူသောနည်းဖြင့် လေ့လာသူ ဖြစ် သည်။ သူ့နာမည်မှာ နုန်ိတ်ဟု ခေါ်၏။နုနိတ်အား ကွေ့ဒေါပြည် သို့ တောင်တက်ရန် လာကြသော အင်္ဂလိပ်လူမျိုးတစုက သူတို့ ခေါ် လာသော ဆိဗ္ဗဇာလန်ပြည်သား သုံးယောက်အနက်မှ ဖျားနာနေ သော လူတယောက်၏နေရာတွင် အစားထိုးရန် လမ်းပြအဖြစ် ငှါးခဲ့ ကြသည်။ နုနိတ်သည် တောင်အမျိုးမျိုးကို တက်သည်။ ထို့နောက် အန္ဒိတောင်တန်းများ မတ္တဟောင်ဟု ခေါ်အပ်သော ပရသ ကော တော ပိတ် တောင်ထိပ်ကို တက်သည်။ ထိုအခါတွင် နုနိတ်သည် ဤကမ္ဘာမှ ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့လေသည်။ ဤကဲ့သို့ အစအန ရှာမတွေ့အောင် ပျောက်သွားသော သူ့အဖြစ်အပျက်နှင့် ပတ်သက်၍ အကြိမ်များစွာ ရေးသားဖော်ပြကြသည်။ ၎င်းတို့အနက် ပ္ပိုင်တာ ဆိုသူရေးသားဖော်ပြချက်မှာ အကောင်းဆုံး ဖြစ်သည်။ တောင်တက်သမားများသည် အမြင့်ဆုံးဖြစ်သော တောင်စောက်၏ အခြေသို့ရောက်အောင် စိုင်တမော့တက်သွားကြပုံ၊ ဆီးနှင်းများ ဖုံး အုပ်နေသော ကျောက်ဖျာပေါ်တွင် တောင်တက်သမားများ စခန်း ချ၍ ညအိပ်ရန် နေရာပြင်ကြပုံ၊ ထို့နောက် မကြာမီ နုနိတ်တယောက် ထိုနေရာမှ ထူးဆန်းစွာ ပျောက်သွားပုံများကို ပ္ပိုင်တာက ဇာတ်ကွက် ဆင်ထားသည့်ပမာ ဖော်ပြသည်။ တောင်တက်သမားတို့က နုနိတ်ကို အော်၍ ခေါ်ကြသည်။ သို့ရာတွင် နုနိတ်၏ထူးသံကို မကြားရ။ သူတို့ သည် ဆက်၍ နုနိတ်ကို အော်၍ လေချွန်၍ ခေါ်ကြသည်။ထိုညတွင်

သူတို့သည် မအိပ်နိုင်ကြ။ ထူးဆန်းလှသော နုနိတ်၏ အကြောင်းကို သာ တွေးတောနေကြတော့သည်။

နံနက်လင်းသောအခါမှ နုနိတ်သည် ချောက်ကမ်းပါးထဲသို့လိမ့်ကျသွားသော အခြင်းအရာများကို သူတို့တွေ့ကြသည်။ နုနိတ်မှာ တခွန်းမျှ အော်နိုင်ပုံမရ။ နုနိတ်သည် လူမရောက်ဘူးသေးသော တောင်ထိပ်၏ အရှေ့ဖက်ကမ်းပါးမှ ချော်၍ ကျသွားသည်။ အောက်ဖက် နက်ရှိုင်းသော နေရာတွင် နုနိတ်သည် ဆင်ခြေလျှောရေခဲပြင်နှင့် တိုက်မိသည်။ ထို့နောက် နုနိတ်သည် ရွေ့လျားနေသော ရေခဲတုံးကြီး၏ အလယ်ခေါင် တည့်တည့်ထဲသို့ ထိုးကျသွားသည်။ နုနိတ် ကျသွားသော စွပ်ကြောင်းကြီးမှာ ကြောက်မက်ဖွယ်ကောင်းသော ကမ်းပါးစောက်ကြီးဆီသို့ တည့်တည့်ကြီး တန်းနေသည်။ ထိုကမ်းပါးစောက်ကြီး၏ အလွန်တွင် ဘာကိုမျှ မမြင်ရတော့။ ခရီးဝေးလံသဖြင့် မှုန်မှိုမှုန်မွှားသာ မြင်ရသော အောက်ခြေတွင် လေးဖက်လေးတန်ပိတ်နေသော တောင်ကြားဒေသမှ သစ်ပင်များ ပေါက်နေသည်ကို တောင်တက်သမားများ မြင်ကြရသည်။

ထိုဒေသသည် ကမ္ဘာနှင့် အဆက်ပြတ်၍ နေသော မျက်မမြင်ပြည်ဖြစ်သည်။ သို့ရာတွင် ထိုဒေသသည် မျက်မမြင်ပြည် ဖြစ်သည်ဆိုသော အကြောင်းကို တောင်တက်သမားများက မသိကြ။ သူတို့ အဖို့တွင် ထိုဒေသသည် သာမန် ကျဉ်းမြောင်းသော တောင်ကြားတခုနှင့် ဘာမျှ မခြားနား။ ယင်းနောက် နုနိတ် လိမ့်ကျသွားခြင်းကြောင့် စိတ်ဓာတ်ပျက်ပြားလာကြပြီးလျှင် တောင်တက်သမားတို့သည် မွန်းတိမ်းအချိန်တွင် စွန့်စားရန် အကြံကို လျှော့ပြီး လာလမ်းအတိုင်း ပြန်ခဲ့ကြ

လေ၏။ ထိုနောက်ပို့င်တာသည် စစ်ထဲသို့ပါသွားသဖြင့် ထိုတောင်ကို နောက်ထပ် မတက်နိုင်တော့။ ထိုနောက်လည်း ပရသကောတောပိတ် တောင်ထိပ်ကို ယနေ့တိုင် မည်သူမျှ မတက်နိုင်သေး။ ပို့င်တာ၏ ညအိပ်စခန်းသည်လည်း နောက်ထပ် မည်သည့် တောင်တက်သမားကိုမျှ မတွေ့ရတော့ဘဲ၊ ရေခဲများကြားတွင် ပြိုပျက်၍ သွားလေပြီ။

သို့ရာတွင် ထိုတောင်ထိပ်မှ လိမ့်ကျသွားသူမှာ အသက်မသေ။

ဆင်ခြေလျှောနှင်းခဲပြင် အဆုံးဖက်သို့ ရောက်သွား ပြီးနောက် နုနိတ်သည် ထိုနှင်းခဲပြင်ထက် စောက်မတ်သော နှင်းခဲပြင် ဆင်ခြေလျှော အလယ်ခေါင်ရှိ နှင်းခဲတိုက် အတွင်းသို့ ရောက်သွားသည်။ ထိုမှ တဖန် နုနိတ်သည် အောက်သို့ ချောချောလည်၍ ကျသွား ပြန်သဖြင့် သတိမေ့၍ သွားသည်။ သို့ရာတွင် အရိုးတရိုးမျှမကျိုး။နောက်ဆုံးတွင် အစောက်ပြေသော ဆင်ခြေလျှော နှင်းခဲပြင်များသို့ ရောက်သွားသည်။ နုနိတ်မှာ သူလိမ့်ကျလာစဉ်တွင် ရစ်ပတ်ပါလာသော ဖွာဖွေး ပျော့ပျောင်းသော အဝတ်အစားများနှင့် ထွေးနေသဖြင့် အသက် မသေခြင်း ဖြစ်သည်။နောက်ဆုံးတွင် နုနိတ်မှာ မလှုပ်မရှက်နိုင်တော့။ သတိအနည်းငယ်ရလာသောအခါ နုနိတ်စိတ်ထဲက သူသည် ဖျားပြီး အိပ်ရာထဲတွင် လဲနေသည်ဟု ထင်သည်။

နောက်မှ သူသည် တောင်တက်သမားများနှင့် လိုက်ပါလာသည့် အဖြစ်ကို သတိရလာသည်။ ထိုနောက် သူ့ကိုယ်တွင် ရစ်ပတ်နေသော အရာများကို ဖယ်ရှားပစ်ပြီးနောက်၊ ကြယ်များ ထွက်ပေါ်လာသည့် အချိန်တိုင်အောင် နား၍ နေသည်။ နုနိတ်သည် တော်တော်ကြာကြာ အလျားမှောက်၍ နေပြီးလျှင် သူသည် ဘယ်လိုဖြစ်၍ ဘယ်နေရာသို့

ရောက်လာသည်ကိုပြန်၍စဉ်းစားသည်။သူ့ကိုယ်သူ ပြန်၍ကြည့်သော အခါ သူ့အင်္ကျီမှ ကြယ်သီးတွေ အများကြီး ပြုတ်ကုန်ပြီးနောက် သူ့အင်္ကျီလည်း သူ့ခေါင်းကို အုပ်၍ နေသည်ကို တွေ့ရသည်။ သူ့ အိတ်ကပ်ထဲမှ သူ့ဓားလည်း ကျကျန်ရစ်ခဲ့ပြီ။မေးစေ့ကိုကြိုးနှင့်သိုင်း၍ အခိုင်အမြဲ ချည်ထားခဲ့သော သူ့ ဦးထုပ်လည်း ပြုတ်ကျန်ရစ်ခဲ့ ပြီ။သူတို့၏ညစခန်းချမည် ပြုစဉ်က လေ၏ဒဏ်ကိုခံနိုင်ရန် ကာကွယ်ဖို့ ကျောက်ခဲများ သယ်ယူနေခြင်းကို သူ ပြန်၍ သတိရသည်။ သူ့ရေခဲ ခွဲ ပုဆိန်လည်း မရှိတော့။

သူသည်ကျောက်ခဲရှာယင်း ချောက်ထဲသို့ လိမ့်ကျလာခြင်းဖြစ်ရ မည်ဟု သူ့စိတ်ထဲက မှတ်ယူလိုက်သည်။ ထို့နောက် အပေါ်သို့ မော့ ကြည့်လိုက်ရာ မှုန်မွားသော လရောင်များကြောင့် သူ့လိမ့်ကျလာ သောတောင်ထိပ်မှာ အကယ်မြင့်သည်ထက်ပင် ပို၍ ကြောက်မက်ဖွယ် မြင့်သည်ဟု နှိုက်စိတ်ထဲက ထင်မိသည်။ နှိုက်သည် တခဏဘာမျှ တဖြည်းဖြည်း ဆုတ်ယုတ်နေသော အမှောင်တိုက်ကြားမှာ တဖြည်း ဖြည်းခြင်း ပေါ်ထွက်လာသော ဖွေးရော်ရော် အရောင်ရှိသော ကမ်းပါး စောက်ကြီးကို မော့၍ ကြည့်နေသည်။ ကမ်းပါးစောက်၏ ထူးထွေ ဆန်းပြားသော မြင်ကွင်းကို တခဏတာမျှ စိုက်၍ ကြည့်နေပြီးလျှင် နှိုက်သည် ယောင်ယမ်း၍ ရယ်မောလိုက်သည်။

× × × ×

အချိန်များစွာ ကြာသောအခါ မိမိသည် ဆီးနှင်းများ၏ အောက် ခြေအစပ်နားတွင်ရောက်နေကြောင်းကို နှိုက် သိလာသည်။ အောက် ဖက်တွင် လရောင်ထိုး၍၊ သွား၍ ဖြစ်နိုင်သော ဆင်ခြေ လျှော၌

ကျောက်တုံးများပေါ်တွင် ဟိုတကွက် သည်တကွက် ပေါက်နေသော ညိုမည်း နေသော မြက်ဖုတ်များကို နုနိုတ် မြင်ရသည်။ နုနိုတ်သည် သူ့ ကိုယ်ကို ဖုံးအုပ်နေသော နှင်းခဲ ပျော့ပျော့များကို ဖယ်ရှား၍ ကြိုးစား၍ ထသည်။ သူ့ ခြေလက် အဆစ်အမြစ်များမှာ ကိုက်ခဲနေသည်။ ထို့နောက် မြက်ဖုတ်များပေါ်သို့ ရောက်အောင် သွားပြီးလျှင် ကျောက်တုံးကြီး တခုပေါ်သို့ သူ့ ကိုယ်တိုင်က မထိုင်လိုက်ရသေးမီပင် လဲကျသည်။ထို့နောက် သူ၏အတွင်းအိတ်ကပ်ထဲမှ ရေဗူးကို ထုတ်ပြီးလျှင် ရေဝအောင်သောက်ပြီး အိပ်ပျော်သွားသည်။

နုနိုတ်သည် ဝေးလံသော အောက်ဖက်မှ ငှက်များ တွန်သံကြားရသဖြင့် အိပ်ရာမှ နိုးလာသည်။

ထ၍ ထိုင်လိုက်သောအခါ ကမ်းပါးစောက်ကြီး အောက်ခြေက တောင်ကုန်းကလေးပေါ်တွင်သူရောက်နေသည်ကို နုနိုတ်တွေ့ရသည်။ ကမ်းပါးစောက်ကြီးတွင် ချောင်းကလေးတခုရှိ၍ ထိုချောင်းကလေးမှ သူသည်နှင်းခဲများနှင့်အတူ မျောကျလာသည်။သူ့ ရှေ့တွင်အလွန်မြင့်မားသော ကျောက်ကမ်းပါးကြီး တခုရှိသည်။ အဆိုပါ ကမ်းပါးစောက်ကြီးများ စပ်ကြားတွင်ရှိသော ရှုကြီးမှာ အရှေ့အနောက် တန်းနေသဖြင့် လရောင်ထိုးလျက်ရှိသည်။ အနောက်ဖက်တွင် တောင်ကြီးပြိုကျလာ၍ ရှုကြီး၏ အနောက်ဖက်ပေါက် ပိတ်သွားသည်ကို လရောင်များဖြင့် နုနိုတ်မြင်ရသည်။ အောက်ဖက်တွင်လည်း အထက်ပါ ကမ်းပါးစောက်ကြီးများလောက်မြင့်သော ကမ်းပါးစောက်ကြီးတခုရှိသည်။ ဆီးနှင်းတို့၏ နောက်ဖက်ရှိ ချောင်းကလေးထဲတွင် မီးဖိုခေါင်းတိုင်ကြီးတခုမှ နှင်းခဲရေများ တစက်တစက်နှင့် ကျနေသည်။ ထိုနေရာ

မှ စွန့်စားပြီး ဆင်းသွားမည်ဆိုလျှင် ဖြစ်နိုင်လမ်း ရှိသည်။ ထိုနေရာမှ ဆင်းသွားရာ ထင်သလောက် မခဲယဉ်းသည်ကို နုနိတ်တွေ့ရသည်။ နောက်ဆုံးတွင် နုနိတ်သည် လူသူမရှိသော တောင်ထိပ် ကလေးသို့ ရောက်သွားသည်။ ထို့နောက် များစွာ မခဲယဉ်းလှသော ကျောက် ဆောင်ကြီးကို ကျော်တက်သွားပြီးလျှင် သစ်ပင်များ ပေါက်နေသည့် စောက်မတ်သော ကုန်းစောင်းသို့ ရောက်သွားသည်။

နုနိတ်သည် အရပ် လေးမျက်နှာကို စုံစမ်းကြည့်ရှုပြီးလျှင် ရှိုကြီး ဖက်သို့ လှမ်း၍ ကြည့်သည်။ အဘယ့်ကြောင့် ဆိုသော် ထိုအရပ်တွင် စိမ်းစိုသော မြက်ခင်းများထဲ၌ ကျောက်တုံးများဖြင့် ထူးဆန်းစွာ ဆောက်ထားသော တဲစုတစုကို တွေ့သောကြောင့် ဖြစ်သည်။ တခါ တရံ နုနိတ်မှာ နံရံကို တွယ်ကပ်တက်နေရသလောက်သာ ခရီးတွင် သည်။ ထို့နောက် ရှိုကြီးတလျှောက်တွင် နေရောင်ပျောက်၍ သွား သည်။ထိုအခါ ငှက်တွန်သံများလည်း ရပ်သွားပြီးလျှင် လေသည် ပို၍ အေးလာပြီးနောက် မှောင်မည်း၍လာသည်။ သို့ရာတွင် ခရီးဝေးလံ သော တောင်ကြားနှင့် အိမ်များကို ထိုအခါမှပင် ပို၍ ထင်ရှားစွာ မြင်ရသည်။ ထို့နောက် မကြာမီတွင် ကုန်းစောင်းတခုသို့ ရောက်သွား သည်။ ထိုအခါ ကျောက်ဆောင်များ ကြားထဲမှ ထူးဆန်းသော ကျောက်ခက်ပင် တမျိုးပေါက်၍နေသည်ကို တွေ့ရသည်။ နုနိတ်သည် ကျောက်ခက် တခက်နှစ်ခက်ကို ခူး၍ ရိုးတံကို ဝါးကြည့်ရာ စား၍ ကောင်းသည်ကို တွေ့ရသည်။

မွန်းတည့်ချိန်တွင် နုနိတ်သည် ရှိုကြီးထဲမှ ထွက်မိပြီးလျှင် မြေပြန့် နှင့် နေရောင်ရှိရာသို့ ရောက်သည်။ သူ့တကိုယ်လုံး တောင့်တင်းမော

ပန်းနေသည်။ နုနိတ်သည် ကျောက်ကမ်းပါး အရိပ်တွင် ထိုင်ပြီးလျှင် စမ်းချောင်းထဲမှရေကို သူ့ရေဗူးထဲသို့ ထည့်ကာ သောက်သည်။ ထို နောက် အိမ်များရှိရာသို့ ဆက်၍ မသွားမီ ခဏနား၍ နေသည်။

သူ့မျက်စိထဲတွင် အိမ်များသည် အလွန်ဆန်းကြယ်နေသည်။ စင် စစ်သော်ကား တောင်ကြားတခုလုံးကို သူကြည့်လိုက်သောအခါ ပို၍ ဆန်းကြယ်နေသည်ကို နုနိတ် တွေ့ရသည်။ မြေမျက်နှာပြင်မှာ အများ အားဖြင့် စိမ်းစိုသော မြက်ခင်းများဖြင့် ဖုံးလွှမ်းနေပြီးလျှင် ကြိုးကြား ကြိုးကြားတွင် ပန်းပွင့်များရှိသည်။ မြေတကွက်စီ တကွက်စီကို အ လှည့်ကျ စိုက်ပျိုး၍ အထူးဂရုစိုက်၍ ဆည်မြောင်းများ ဖောက်လုပ် ထားသည်ကို နုနိတ်တွေ့ရသည်။ အထက်အမြင့်ဆုံးဖက် တောင်ကြား ကို တန်တိုင်းနှင့်ကာထားသည်။ထိုတန်တိုင်းမှာ ဘေးမှပတ်၍ ဝိုင်း၍ နေသော ရေမြောင်းနှင့် တူသည်။ ထိုရေမြောင်းမှ ရေကို ကွင်းပြင် တွင်ရှိသော သစ်ပင်များကိုလောင်းရန် သွင်းပေးသည်။ ထို့အထက် တွင်ရှိသောကုန်းစောင်းများတွင် ကြိုးကြားကြိုးကြား ပေါက်နေသော သစ်ပင်များကို ကုလားအုပ် မွေးရှည်တို့က စားကြသည်။ တန်တိုင်း ဘေးတွင် ကပ်၍ ကြိုးကြားကြိုးကြားလည်း ကုလားအုပ်ခြံများ၊ သို့ မဟုတ် အစာကျွေးတင်းကုပ်များရှိသည်။

ဆည်မြောင်းကလေးများသည် တောင်ကြား၏ အလယ်ခေါင် တွင် ရှိသော မြောင်းမကြီးထဲသို့ စီးဆင်းကြသည်။ မြောင်းမကြီးကို ဘေးတဖက် တချက်မှရင်ဆို့လောက်မြင့်သော တန်တိုင်းများဖြင့် ကာ ထားသည်။ ဤသို့ ပြုပြင်ထားခြင်းကြောင့် တိတ်ဆိတ်သော ထို တောင်ကြားဒေသကို အထူးပင် မွှိုကြီးဆန်စေသည်။ထို့ပြင် ကျောက်

ဖြူ ကျောက်မည်းတို့ဖြင့်ခင်း၍ ဘေးတဖက်တချက်မှ ထူးဆန်းသော အကွပ်များ ကွပ်ထားသော ခြေလမ်းများနှင့် လမ်းများကို ဟိုမှသည်မှ စည်းကမ်းတကျ ဖောက်လုပ်ထားပုံမှာလည်း အထူးပင် မြို့ကြီးဆန်လှ သည်။ ရွာမထဲရှိ အိမ်များမှာ သူတွေ့ဘူးသော ဖြစ်ကတတ်ဆန်း ဟိုတစု သည်တစု တည်ထားသော တောင်ပေါ်ရွာများနှင့် လုံးဝမတူ သည်ကိုလည်း နုနိတ်သတိပြု၍ ကြည့်မိသည်။ အိမ်များကို ဗဟိုလမ်းမ ကြီး၏ ဘေးတဖက်တချက်တွင် စီတန်း၍ ဆောက်ထားသည်။ ဗဟို လမ်းမကြီးမှာ အံ့အားသင့်လောက်အောင် သန့်ရှင်းသည်။ ဆေးရောင် စုံချယ်လှယ်ထားသော အိမ်များ၏ရှေ့ဖက်တွင် တံခါးတပေါက်ရှိ၍ အိမ်များ၏ရှေ့ဖက် တဖက်လုံးတွင် ပြတင်းပေါက်ဆို၍ တပေါက်မျှ မရှိ။ ဆေးရောင်စုံ ချယ်ရာတွင် စည်းမဲ့ကမ်းမဲ့ အထူးပင် အရမ်း ကျလှသည်။ အိမ်များကို ရောင်စုံချယ်သော အင်္ဂတေများမှာ တခါ တရံ ဖောင်းဝတ်ရောင်ဖြစ်၍ တခါတရံ မွဲခြောက်ခြောက်အညိုနုရောင် ဖြစ်ပြီးလျှင် တခါတရံ ကျောက်သင်ပုန်းရောင်၊ သို့မဟုတ် အညိုပုပ် ရောင် ဖြစ်သည်။ ထိုကဲ့သို့ ဆေးရောင် အရမ်းချယ်ထားခြင်းကို မြင်ရ ခြင်းကြောင့် နုနိတ်၏ စိတ်ထဲတွင် "အလုပ်လုပ်တာ မျက်စိ မရှိဘူး လား" ဆိုသော စကား၏ သဘောမှာ ပေါ်လာသည်။ "ထို အစပ် အဟပ်မတဲ့သည့် ဆေးရောင်ကို ချယ်သော သူကောင်းသားသည် စုံလုံးကန်းသာ ဖြစ်ရမည်" ဟု နုနိတ်ထင်မိသည်။

နုနိတ်သည် မတ်စောက်သော အောက်ဖက်သို့ ဆင်းလာသော အခါ တန်တိုင်းနှင့် တောင်ကြားအလယ်ခေါင်ရှိ မြောင်းမကြီးကို တွေ့ သည်။တန်တိုင်း၏အနီးတွင် မြောင်းမကြီးမှရေပန်းမှုန်မှုန်ကလေးများ

သည့်ရှိကြီးထဲသို့ ရေတံခွန်ဖြာ၍ ပန်းထွက်နေသည်။ နုနိတ်သည် ကွင်းပြင်၏ အဝေးဖက်တွင်မြက်များ စုပုံထားသော အပေါ်၌ တရေး တမောအိပ်ကာ အပန်း ဖြေနေကြဟန်တူသော ယောကျ်ားနှင့် မိန်းမ တစုကို တွေ့ရသည်။ ရွာအနီးဘွင်မူ ကလေးများသည်လည်း ဆော့ကစား၍ နေကြသည်။ မိမိရှိရာ နေရာနှင့် ပို၍ နီးသော နေရာဘွင်မူ၊ ဘေး ပတ်လည်မှ ဝိုင်းထားသော နံရံမှ အိမ်များဖက်သို့ သွားသော မြေ လမ်းပေါ်တွင် လူသုံးယောက်သည် ထမ်းပိုးဖြင့် သံပုံးများကို ထမ်း လာကြသည်ကို တွေ့ရသည်။ ထိုလူ သုံးယောက်သည် ကုလားအုပ် မွေးအင်္ကျီများကို ဝတ်၍ သားရေနောက်ပိတ်ဖိနပ်များကိုစီးပြီး သား ရေခါးပတ်များကိုပတ်ထားကြသည်။သူတို့ ဆောင်းသောဦးထုပ်များ တွင် နောက်စေ့ကာနှင့် နားရွက်ကာများ တပ်ထားသည်။ သူတို့သည် တယောက်နောက်မှ တယောက် စီတန်း၍ တညလုံး အအိပ်ပျက်ခဲ့ သောသူများပမာ သိမ်းသိမ်းဝေဝေနှင့် ဖြည်းညှင်းစွာ သွားနေကြ သည်။ သူတို့၏ အမူအရာမှာ အထူးပင်ချမ်းသာ၍ ရည်ရည်မွန်မွန်ရှိ လှသဖြင့် နုနိတ်သည် တခဏတာမျှ ခံရှုံ့ရှုံ့ဖြစ်နေရာမှ ကျောက် ဆောင်ပေါ်သို့ တက်ပြီးလျှင် တတ်နိုင်သမျှ ထိုလူသုံးယောက် မြင် သာအောင် မတ်တပ်ရပ်၍ ပြလိုက်သည်။ ထို့နောက် နုနိတ်က အလွန် ကျယ်လောင်သော အသံဖြင့် တောင်ကြားတခုလုံး လိုက်ထံပါသွား အောင် ထိုလူသုံးယောက်အား လှမ်း၍ ခေါ်လိုက်သည်။

လူသုံးယောက်က ရပ်တန့်ပြီးလျှင် သူတို့၏ ပတ်ဝန်းကျင်သို့ကြည့် ကြတီသည့်ပမာ ဦးခေါင်းများကို ဟိုဖက်သည်ဖက် လှည့်ကြသည်။ သူတို့သည် သူတို့၏ မျက်နှာများကို ဟိုဖက်သည်ဖက် လှည့်ကြ

သည်။ နုနိတ်က ရဲဝံ့စွာ လက်ဟန် ခြေဟန်ပြသည်။ သို့ရာတွင် နုနိတ်ပြသော လက်ဟန် ခြေဟန်များကို ထိုလူသုံးယောက်က မြင်ကြဟန်မတူ။ တခဏမျှ ကြာသောအခါ ညာဖက်တွင် ရှိသော ဝေးလံသော တောင်တန်းများဖက်သို့ လှည့်၍ သွားကြပြီးလျှင် နုနိတ်ခေါ်သည်ကို ပြန်၍ထူးသည့် သဘောဖြင့် ထိုလူ သုံးယောက်က ပြန်၍ အော်သည်။ နုနိတ်က နောက်တကြိမ် ထပ်၍ ခေါ်ပြန်သည်။ ထို့နောက် ကိုယ်ဟန် လက်ဟန်များကို အချည်းနှီးပြယင်းနှင့် နုနိတ်စိတ်ထဲတွင် မျက်မမြင် ဆိုသော စကားကို၊ ထပ်၍ စဉ်းစားမိပြန်သည်။ "သည်ကောင်တွေဟာ မျက်စိ မမြင်ဘူး ထင်ပါရဲ့"ဟု နုနိတ်က ပြောသည်။

နောက်ဆုံးတွင် နုနိတ်သည် စိတ်ဆိုး မာန်ဆိုးနှင့် အကြိမ်ပေါင်းများစွာအော်၍ ပြောပြီးလျှင် ချောင်းကူး တန်တားကလေးတခုကို ဖြတ်ကျော်လိုက်ပြီးနောက်ထိုလူများအနီးရှိတန်တိုင်းတံခါးသို့ရောက်သွားသည်။ ထိုလူများမှာ မျက်စိ မမြင်ကြကြောင်းကို နုနိတ် အသေအချာသိရပြီ။ထိုဒေသသည် လူအများ အစဉ်အလာ ပြောစမှတ်ပြုကြသော မျက်မမြင်တိုင်းပြည် ဖြစ်သည်ကိုလည်း နုနိတ်သတိရပြီ။ ထိုသို့သိရသဖြင့် နုနိတ်၏ စိတ်ထဲ၌ စွန့်စားမှုတမျိုးနှင့် ရင်ဆိုင်နေရသည့် အဖြစ်ကို သဘောပေါက်သွားသည်။ ထိုစွန့်စားရမည့် အမှုကား နှယ်နှယ်ကိစ္စမဟုတ်ပါချေ။ ထိုလူသုံးယောက်သည် ဘေးချင်းယှဉ်၍ ရပ်နေကြပြီးလျှင် နုနိတ်ဖက်သို့ မကြည့်ကြဘဲ နုနိတ်၏ ထူးဆန်းသော ခြေလှမ်းသံများကို နားထောင်နေကြသည်။ ထိုလူသုံးယောက်သည် အနည်းငယ် ကြောက်လန့်ဟန်ဖြင့် အချင်းချင်းပူးကပ်စွာ ရပ်၍ နေ

ကြသည်။ သူတို့၏ မျက်လုံးအိမ်များသည် ရှုံ့ခြောက်၍ သွားဘိသည့် ပမာ မျက်တောင်များက ပိတ်၍ နေပြီးလျှင် မျက်လုံးနေရာများ သည် လည်း ဟောက်၍ နေသည်ကို နုနိုတ် တွေ့ရသည်။ သူတို့၏ မျက်နှာ များမှာစိုးရိမ်ကြောက်လန့်ပုံပေါ်၍ နေသည်။

"လူဘယောက်ဟော့" ဟု တယောက်သောသူက စပိန် စကားဖြင့် ပြောသည်။ သူပြောသော စပိန်စကားမှာ တမျိုးဖြစ်နေ၍ ရှဘ်တရက် နားလည်ရန် အတော်ခက်သည်။ ပြီးလျှင် ဆက်၍ "ဒါဟာ လူဘဲ-လူ လား၊ တစ္ဆေလား- ကျောက်ဆောင်ထဲမှ ထွက်လာဒါဘဲ" ဟု ပြော သည်။

ထိုအခါ နုနိုတ်သည် မိမိကိုယ်ကို မိမိ စိတ်ချယုံကြည်စွာဖြင့် ရှေ့သို့တိုးသွားသည်။ ကမ္ဘာနှင့် အဆက်ပြတ်သွားသော တောင်ကြား နှင့် မျက်မမြင်ပြည် အကြောင်းနှင့် ပတ်သက်သော ရှေးဟောင်းပုံပြင် များသည် နုနိုတ်၏ စိတ်ထဲတွင် ပေါ်လာသည်။ ထို့နောက် သူ့စိတ်ထဲ တွင် –

"မျက်မမြင်တိုင်းပြည်မှာ တဖက်လပ်ဟာ ရှင်ဘုရင်"

"မျက်မမြင်တိုင်းပြည်မှာ တဖက်လပ်ဟာ ရှင်ဘုရင်" ဆိုသော စကားပုံသည် ပေါ်လာသည်။

ထို့နောက် နုနိုတ်က အလွန် ယဉ်ကျေးစွာဖြင့် ထိုလူသုံးယောက်ကို နှုတ်ဆက်သည်။ ပြီးလျှင် စကား စမြီ ပြောသည်။

"အစ်ကို ပေဒရောရေ၊ ဒီလူ ဘယ်က လာသလဲ" ဟု တယောက်က မေးသည်။

"ကျောက်ဆောင်ထဲက ထွက်လာဒါပေါ့ဟ"

"တောင်တွေပေါ် ကို ကျော်ပြီး ငါလာခဲ့ဒါ" ဟု နုနိုတ်က ပြော သည်။ ပြီးလျှင် ဆက်၍ "ဟိုအဝေးကြီး တိုင်းပြည်က ငါလာခဲ့တယ်၊ ဒို့ဆီမှာ လူတွေဟာ မျက်စိများ ရှိကြတယ်၊ လူတွေ တသိန်းလောက်‐ နေကြတဲ့ ဗောဂေါ်တမြို့အနီးက ငါလာခဲ့တယ်။ ငါတို့ နေတဲ့ နေရာက ဆိုယင် အဲဒီမြို့ကြီးကို မမြင်ရဘူး"ဟု ပြောသည်။

"မမြင်ရဘူးတဲ့" ဟု ပေဒရောက ပြောသည်။ "မမြင်ရဘူးတဲ့"

"သူလာဒါဟာ ကျောက်ဆောင်ထဲက ထွက်လာဒါပဲ" ဟု ဒုတိ ယ မျက်မမြင်က ပြောသည်။

သူတို့ဝတ်ကြသော အင်္ကျီများမှာ ချုပ်ပုံချင်း လုံးလုံး မတူသော အင်္ကျီဆန်းများဖြစ်သည်ကို နုနိုတ်တွေ့ရသည်။

မျက်မမြင်သုံးယောက်သည် လက်များကို ဆန့်တန်းပြီးလျှင် သူ့ ဆီသို့ တပြိုင်နက် လာကြသောအခါ နုနိုတ်သည် လန့်၍သွားသည်။ သူတို့၏ ဖြန့်ထားသော လက်ချောင်းများ သူ့ဆီသို့ ရောက်မလာ နိုင်စေရန် နုနိုတ်က နောက်သို့ ဆုတ်လိုက်သည်။

တတိယ မျက်မမြင်က နုနိုတ် ဆုတ်သွားရာသို့ လိုက်ပြီးလျှင် နုနိုတ်ကို ခိုင်မြဲစွာကိုင်၍ "ဒီကိုလာခဲ့" ဟုပြောသည်။

ပြီးလျှင် သူတို့သည် နုနိုတ်ကိုဝိုင်း၍ ကိုင်ထားကြပြီးလျှင် ဘာတ ခွန်းမျှ မပြောကြဘဲ၊ တကိုယ်လုံး လျှောက်၍ စမ်းကြည့်ကြသည်။

သူ့မျက်စိပေါ် သို့ လက်ချောင်းတချောင်း ရောက်နေသဖြင့် နု နိုတ်က "သတိထားလုပ်ပါ" ဟုပြောသည်။ မျက်ခွံများက လှုပ်လှုပ် လှုပ်လှုပ် ဖြစ်နေသဖြင့် သူတို့စိတ်ထဲတွင် ထိုအင်္ဂါကို ဆန်းသည်ဟုထင် ကြသည်။ ပြီးလျှင်သူတို့သည်မျက်စိကိုထပ်၍ စမ်းကြည့်ကြပြန်သည်။

“သတ္တဝါ အဆန်းတကောင်ဘဲ၊ ကောရေယ ရေ”ဟု ပေဒရော ဆို သူကပြောသည်။ ပြီးလျှင် ဆက်၍ “စမ်းကြည့်ပါအုံး၊ သူ့ အမွေးတွေကလဲ ကြမ်းလိုက်တာ၊ ကုလားအုပ်မွေးတွေကျနေတာဘဲ” ဟုပြောသည်။

“ကျောက်ဆောင်က မွေးတဲ့ အကောင်ဘဲ၊ ကြမ်းမှာပေါ့”ဟု ကောရေယက ပျော့ပျောင်း၍ ခပ်စိုစိုဖြစ်နေသော သူ့ လက်နှင့် နုနိတ်၏ မုတ်ဆိတ်မွေး ပြည့်နေသော မေးစေ့ကိုကိုင်၍ ပြောသည်။ ပြီးလျှင် ဆက်၍ “နောက်တော့လဲ ပျော့ပျောင်းလာလိမ့်မယ် ထင်ပါရဲ့”ဟု ပြောသည်။ နုနိတ်က သူတို့ ကိုင်တွယ်ကြည့်သောအခါ အနည်းငယ် ရှုန်းလိုက်သည်။ ထိုအခါ သူတို့က ခိုင်မြဲစွာ ကိုင်ထားကြသည်။

“သတိထားလုပ်ပါ” ဟု နုနိတ်က ထပ်၍ ပြောသည်။

“စကား ပြောတယ်ဟ” ဟု တတိယ မျက်မမြင်က ပြောသည်။ ပြီးလျှင် “လူ အစစ်ပါဘဲ”ဟု ပြောသည်။

“ဟာ ဟု ပေဒရောက နုနိတ်အင်္ကျီက ကြမ်းသဖြင့် ပြောသည်။

“အခုသင်ဟာ ကမ္ဘာထဲကို ရောက်လာဒါပေါ့”ဟု ပေဒရောက ပြောသည်။

“ကမ္ဘာ့ပြင်ကို ရောက်လာဒါပါ။ တောင်တွေ ချောင်းစမ်းတွေကို ကျော်ပြီး ရောက်လာဒါပါ။ ဟို အပေါ်က နေနဲ့ တဝက်ခရီးလောက်က ငါလာခဲ့ပါတယ်။ ဟိုအောက်မှာရှိတဲ့ သမုဒ္ဒရာကို တဆယ့်နှစ်ရက်ခရီး သွားရတဲ့ ကမ္ဘာကြီးက ငါ လာခဲ့ပါတယ်။”

သူတို့သည် နုနိတ်ပြောသည်ကို လုံးဝ ဂရုစိုက်ကြဟန်မတူ။ “ငါတို့ အဘိုးအဘွားတွေက ပြောခဲ့တယ်။ လူများဟာ သဘာဝမှ အင်

အားစုများက ဖြစ်ပေါ်လာနိုင်တယ်" ဟု ကောရေယပြောသည်။ ပြီးလျှင်ဆက်၍"လူများဟာ အရာဝတ္ထုများ၏ ပူနွေးမှု၊ စွတ်စိုမှုနှင့် ပုပ်ဆွေးမှုကြောင့် ဖြစ်တာ" ဟုပြောသည်။

"သူ့ကို လူကြီးတွေဆီ ခေါ်သွားကြမယ်"ဟု ပေဒရောက ပြောသည်။

"လှမ်း ပြောလိုက်ပါအုံး၊ ကလေးတွေ လန့်ကုန်ပါအုံးမယ်" ဟု ကောရေယက ပြောသည်။

ဤနည်းဖြင့် သူတို့သည် လှမ်း၍ အော်ကြသည်။ ပေဒရော က နုနိတ်၏ လက်ကို ဆွဲပြီးလျှင် အိမ်များဆီသို့ ရှေ့မှနေ၍ သွားသည်။

နုနိတ်က သူ့လက်ကို ရုန်းပြီးလျှင် "ငါ မြင်ပါတယ်" ဟု ပြောသည်။

"ဘာတဲ့၊ မြင်တယ်တဲ့"ဟု ကောရေယက မေးသည်။

"ဟုတ်တယ်၊ ငါမြင်တယ်" ဟု ကောရေယဖက်သို့ လှည့်ပြီးလျှင် နုနိတ်က ပြောသည်။ ပြီးလျှင် နုနိတ်သည် ပေဒရော၏သံပုံးကို တိုက်၍ လဲသည်။

"သူ့အာရုံများဟာ မခိုင်မာသေးဘူး။ ဒါကြောင့် တိုက်ပြီး လဲ ဒါ။ ပြီးတော့ သူ့ပါးစပ်ကလဲ အဓိပ္ပါယ် မရှိဒါတွေကို ရှောက်ပြော နေတယ်။ လက်နှင့် ဆွဲပြီး ခေါ်ခဲ့ပါ"ဟု တတိယ မျက်မမြင်က ပြောသည်။

"သင်တို့ သဘောကျသလို လုပ်ကြပေါ့"ဟု နုနိတ်က ပြောပြီးလျှင် တန်းလန်း တန်းလန်းနှင့် ရယ်ယင်း ပါသွားသည်။

သူတို့သည် မြင်မှုဟူသော စကြ္ဝာအာရုံအကြောင်းကို လုံးလုံး သိကြဟန် မတူ။

အချိန်တန်သောအခါ နုနိတ်က သူတို့အား သင်ကြားပေးလိမ့်မည်။

× × × ×

## အမှောင်ဖုံးသော ဘဝ

နုနိတ်သည် လူများ အော်သံကို ကြားပြီးလျှင် ရွာလယ်လမ်းတွင် လူအများ စုဝေးနေသည်ကို မြင်ရသည်။

အကန်းပြည်သားများနှင့် ပဌမအကြိမ် တွေ့ကြုံရခြင်းမှာ သူ့အဖို့တွင် သူထင်ခဲ့သည်ထက်ပို၍ စိတ်ညစ်စရာ၊သည်းမခံနိုင်စရာမြင်ရသည်ကို နုနိတ်တွေ့ရသည်။

ရွာနားသို့ နီးကပ်သွားသောအခါ သူထင်သည်ထက် ရွာသည် ကြီးပုံရပြီးလျှင်၊ အိမ်များမှ အင်္ဂတေတို့မှာလည်း ပို၍ ဆန်းပြားသည်ကို နုနိတ်တွေ့ရသည်။မိန်းမများနှင့် ကလေးများသည် နုနိတ်နောက်မှ ဝိုင်း၍ လိုက်ကြသည်။ (မိန်းမများနှင့် လုံမများအနက် အချို့မှာ မျက်စိကန်း၍ မျက်စိများပိတ်ကာ မျက်ကွင်းများဟောက်နေသော်လည်း အတော်ချစ်စရာကောင်းသည်ကို တွေ့ရ၍ နုနိတ် သဘောကျသည်။) အချို့က သူ့ကို ကိုင်၍ လိုက်ကြသည်။ အချို့ကလည်း သူတို့၏ ပျော့ပျောင်းသော လက်များနှင့် သူ့ကို စမ်းကြည့်ကြသည်။ အချို့ကလည်း သူ့ကို နမ်းကြည့်ကြသည်။ အချို့ကလည်း သူ ပြောသမျှ စကားများကို လုံးစေ့ပတ်စေ့ နားထောင်ကြသည်။ အချို့ လုံမပျို

များနှင့် ကလေးများကမူ ကြောက်လန့်သော သဘောဖြင့် ဘေးတွင် ရှောင်၍ နေကြသည်။ စင်စစ်ဆိုသော် သူတို့၏ ပျော့ပျောင်းချိုသာသော အသံနှင့် စာလျှင် နုနိုတ်၏ အသံမှာ ကြမ်းတမ်းလှသည်။ အားလုံးကပင် သူ့ကို ဝိုင်းအုံကြည့်ကြသည်။ သူ့ကို ခေါ်ဆောင်လာသော မျက်မမြင်သုံးယောက်ကမူ သူ့အား သူတို့ပိုင်ပစ္စည်း ဖြစ်သည့်ပမာ သူ့အနားက မခွါကြဘဲ "ကျောက်ဆောင်တွင်းမှ ထွက်လာတဲ့ လူရိုင်းတယောက်" ဟု ထပ်တလဲလဲ ပြောကြသည်။

"ဗောဂေါ်တက လာတာဟ"ဟု နုနိုတ်ကပြောသည်။ ပြီးလျှင် ဆက်၍ "တောင်ထိပ်တွေကို ဖြတ်ကျော်သွားရတဲ့ ဗောဂေါ်တက လာတာ"ဟု ပြောသည်။

"လူရိုင်းမို့ လူရိုင်းစကား ပြောနေတယ်"ဟု ပေဒရောက ပြောသည်။ ပြုးလျှင်ဆက၍ "ဗောဂေါ်တ ဆိုဒါ ကြားကြရဲ့လား။ သူ့စိတ်ခေတ်ဟာ မရင့်မာသေးဘူး။ စကားလဲ ပြောတတ်ခါစဘဲ ရှိသေးတယ်" ဟုပြောသည်။

သူငယ်ကလေးတယောက်က နုနိုတ်၏ လက်ကိုဆိတ်ဆွဲပြီးလျှင် "ဗောဂေါ်တ" ဟု ပြော၍ လှောင်သည်။

"ဟုတ်တယ်။ ဗောဂေါ်တဆိုဒါ သင်တို့ရွာလို ရွာကလေး မဟုတ်ဘူး။ မြို့ကြီး။ ငါဟာ လူတွေမှာ မျက်စိရှိပြီး မြင်ကြတဲ့ ကမ္ဘာကြီးက လာခဲ့ဒါ"

"သူ့နာမည်က ဗောဂေါ်တတဲ့" ဟု သူတို့က ပြောကြသည်။

"သူဟာ လဲတယ်။ ဒီကိုလာယင်းနဲ့ နှစ်ခါတောင် လဲတယ်" ဟု ကောရေယကပြောသည်။

"သူ့ကို လူကြီးတွေဆီ ခေါ်သွား"

ပြီးလျှင်သူတို့သည် နုနိတ်အား တံခါးပေါက်တခုမှနေ၍ အခန်းတခုထဲသို့ သွင်းလိုက်သည်။ ထိုအခန်းမှာ တဖက်အစွန်းတွင် မှုန်မှိုမှုန်မွှား လင်း၍နေသော မီးရောင်ရှိသည်မှ တပါး မှောင်ပိန်း၍ နေသည်။ မျက်မမြင် ပရိသတ်သည် သူ့နောက်မှ ကပ်၍ လိုက်လာကြသဖြင့် နေရောင်သည် အကုန်လုံးလိုလို ကွယ်သွားသည်။ နုနိတ်သည် ထိုင်နေသူ တယောက်၏ ခြေထောက်ကို တိုက်မိသဖြင့် မဟန်နိုင်ဘဲ၊ တခါတည်း စောက်ထိုး လဲကျသွားသည်။ သူလဲကျသွားသောအခါ၊ သူ၏ ဆန့်တန်း၍နေသော လက်များဖြင့် လူတယောက်၏ မျက်နှာကို ရိုက်မိပြီးလျှင် ထိုလူ့မျက်နှာ၏ ပျော့ပျောင်းသော အခြင်းအရာများကို စမ်းမိသည်။ ထိုလူက စိတ်ဆိုး၍ အော်သော အသံကိုလည်း သူကြားလိုက်ရသည်။ထိုနောက် သူ့ကို ဝိုင်း၍ ချုပ်ကိုင်ထားကြသော လက်များမှ လွတ်အောင် နုနိတ်က တခဏတာမျှ ရုန်းသည်။နုနိတ်မှာ တယောက်နှင့် အများဖြစ်၍ နေသည်။ နောက်ဆုံးတွင် နုနိတ်သည် သူ့အခြေအနေကို သူ ရိပ်မိသဖြင့် ငြိမ်၍ နေသည်။

"ငါ လဲကျသွားဒါပါ။ မှောင်ပိန်းနေလို့ ဘာမှ မမြင်ရလို့ပါ"ဟု နုနိတ်က ပြောသည်။

သူ့စကားကို နားမလည်ဟန်ဖြင့် အားလုံးက တခဏတာမျှ ငြိမ်၍ နေကြသည်။ ထို့နောက် ကောရေယက "သူဟာ အခုမှ လူဖြစ်ခါစ ရှိပါသေးတယ်။ လမ်းသွားယင်လဲ သူဟာ ခဏခဏ လဲတယ်။ စကားပြောယင်လဲ အဓိပ္ပါယ် မရှိတဲ့ စကားလုံးတွေနဲ့ ရောရောပြောတယ်"ဟု ပြောသည်။

အခြားသူများကလည်း သူ့အကြောင်းကို ပြောကြသေးသည်။ သို့ရာတွင် ထိုစကားများကို သူ ကောင်းစွာ နားမလည်။

"ငါထိုင်ပါရစေ"ဟု နုနိုတ်က ပြောသည်။ ပြီးလျှင် ခဏဆိုင်း၍ "နောက်ထပ် သင်တို့လက်ထဲမှ ငါ ရုန်းမထွက်တော့ပါဘူး"ဟု ပြောသည်။

သူတို့သည် အချင်းချင်း တိုင်ပင်ကြပြီးလျှင် နုနိုတ်အား ထိုင်ခွင့်ပြုလိုက်ကြသည်။

သူအိုကြီးတယောက်က နုနိုတ်ကို စ၍ စစ်သည်။ နုနိုတ်က သူလိမ့်ကျလာခဲ့သော ကမ္ဘာကြီးအကြောင်းကို တတ်နိုင်သလောက်ကြိုးစား၍ရှင်းပြသည်။ နုနိုတ်က အမှောင်ထဲတွင် ထိုင်နေကြသော အကန်းပြည်သားများအား ကောင်းကင် အကြောင်း၊ မြင်မှု အကြောင်းနှင့် တကွ အလားတူ အံ့ဘွယ်ရာ အကြောင်းများကို ပြောပြသည်။ သို့ရာတွင် မျက်မမြင်ပြည်သားတို့သည် သူပြောသည်ကိုတလုံးမျှ နားမလည်ကြ။ နုနိုတ်သည် ထိုသို့ ဖြစ်လိမ့်မည်ဟု မမြော်လင့်မိခဲ့။ သူတို့သည် နုနိုတ်ပြောသော စကားလုံးများစွာကိုပင် နားမလည်ကြ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် မျက်စိကန်း၍ နေကြသည်မှာ ဆွေတဆယ့်လေးဆက် မျိုးတဆယ့်လေးဆက်ပင် ရှိနေကြပြီးလျှင် မြင်မှုလောကနှင့် လုံးလုံးအဆက်ပြတ်၍ နေကြသောကြောင့် ဖြစ်သည်။ သူတို့အဖို့တွင် မြင်မှုနှင့် ပတ်သက်သော အခေါ်များသည် တဖြည်းဖြည်းပျောက်ကွယ်၍ ပြောင်းလဲသွားကြပြီ။ အပြင်ဖက်ကမ္ဘာ၏ အကြောင်းသည်လည်း သူတို့အဖို့ တဖြည်းဖြည်း ပျောက်ကွယ်၍ ကလေးများအဖို့ ပုံပြင် အဖြစ်သို့ ရောက်သွားပြီ။ သူတို့သည် သူတို့၏ အပေါ်

ဖက်က ဝိုင်းရံလျက်ရှိသော တန်တိုင်းအတွင်းရှိ ကျောက်ကမ်းပါး စောင်းများ အပြင်ဖက်တွင်ရှိသော အရာများ အကြောင်းကို စိတ် မဝင်စားကြတော့။

သူတို့အထဲတွင် မျက်မမြင် ပညာရှိကြီးများ ပေါ်ပေါက်ခဲ့ပြီးလျှင် ထိုပညာရှိကြီးများက သူတို့မျက်စိမြင်စဉ်က ယုံကြည်ခဲ့ကြသော အယူ အဆများကို စစ်ဆေး၍ အချည်းနှီး တွေးတောချက်များသာဖြစ်သည် ဟု ပယ်ရှားပစ်ခဲ့ကြပြီးလျှင် အခြေအနေ အကျိုးအကြောင်းနှင့်ပို၍ ညီညွတ်သော အကြောင်း ပြချက်များနှင့် အစားထိုးခဲ့ကြပြီ။ သူတို့ ၏ အတွေးအခေါ်များစွာတို့သည်လည်း သူတို့၏ မျက်စိများနှင့်အတူ တဖြည်းဖြည်း ရှုံ့ပိန်၍သွားကြပြီ။ ထိုအတွေးအခေါ်များ နေရာတွင် သူတို့၏ တဖြည်းဖြည်း နူးညံ့ သိမ်မွေ့၍လာသော နားများ၊ လက် ချောင်းများကို အမှီပြု၍ ဖြစ်ပေါ်လာသော အတွေးအခေါ်သစ်များ နှင့် အစားထိုးခဲ့ကြပြီ။

နုနိုတ်သည် ထိုအကြောင်းကို တဖြည်းဖြည်းခြင်းနှင့် သဘော ပေါက်၍ လာသည်။ သူ၏ ဘဝအစ ဖြစ်ပေါ်လာပုံနှင့် သူ၏ အသိ ဉာဏ်များသည် အံ့သြ၍ လေးစားစရာ ကောင်းသည်ဟု သူ ထင်မှတ် လာခဲ့ခြင်းများသည် အခြေခံမရှိ။ မြင်မှုနှင့် ပတ်သက်၍ သူ၏ မ တောက်တခေါက် ရှင်းလင်း ဖော်ပြချက်များမှာ မွေးခါစ ကလေး က မပြောတတ် ပြောတတ်နှင့် အာရုံ ခံစားမှုများ၏ အံ့သြဘွယ် ကောင်းပုံကို ပြောနေသည်နှင့်သာ တူသည်ဟု ဆိုကာ မျက်မမြင်များ က ပယ်ချလိုက်သောအခါ၊ နုနိုတ်သည် အရေးရှုံးနိမ့်ပြီးလျှင် သူတို့ ပြောသည်ကိုသာ နားထောင်၍ နေရတော့သည်။မျက်မမြင်များထဲမှ

အသက် အကြီးဆုံးဖြစ်သူက၊ နုနိတ်အား ဘဝ၏ အဓိပ္ပါယ်၊ သဘာဝတ္တတရား၊ ဘာသာရေးတရားများအကြောင်းကိုင်း၊ ကမ္ဘာသည်.... (ကမ္ဘာဆိုရာတွင် သူတို့နေသော တောင်ကြားကိုသာ ဆိုလိုသည်....) ပဌမတွင် ကျောက်ဆောင်ထဲ၌ ဟင်းလင်း ဖြစ်နေရာမှ၊ ရှေးဦးစွာ ထိတွေ့မှု အာရုံမရှိသော သက်မဲ့ အရာဝတ္ထုများ ဖြစ်ပေါ်လာပုံ အကြောင်းကိုင်း၊ ထို့နောက်ကုလားအုပ်မွေးရှည်တို့ကဲ့သို့ အာရုံခံစားမှု အနည်းငယ်ရှိသော သတ္တဝါများ ဖြစ်ပေါ်လာပုံ အကြောင်းကိုင်း၊ ထို့နောက် လူများ ဖြစ်ပေါ်လာပုံအကြောင်းကိုင်း၊ သီချင်းသံနှင့် တောင်ဟုံသံကိုသာ ကြားရ၍ ကိုင်တွယ်ကြည့်၍ မရသော တမန်တော်နတ်သားများ ဖြစ်ပေါ်လာပုံကိုင်း ပြောပြသည်။ ထိုအခါ နုနိတ်မှာ တမန်တော်နတ်ဆိုသည်မှာ ဘာကိုရည်ရွယ်ကြောင်း မတွေးတတ်အောင် ဖြစ်နေသည်။ နောက်ဆုံးတွင် ငှက်များကို စဉ်းစားမိမှ တမန်တော် နတ်သားများဆိုသည်မှာ ငှက်များကို ဆိုလိုသည်ဟု သိရသည်။ ထိုသူတို့သည် လေ၌ ပျံဝဲသည့်ငှက်များကို နတ်သားတွေ ဟု ထင်နေကြသည်။

ထို့နောက် မျက်မမြင်ကြီးက နုနိတ်အား အချိန်တွင် အပူနှင့် အအေးဟု နှစ်မျိုးရှိကြောင်းကို ပြောပြသည်။ အပူနှင့် အအေးဆိုသည်မှာ မျက်မမြင်တို့၏အယူအဆအရ နေ့နှင့် ညကို ဆိုလိုခြင်း ဖြစ်သည်။ ထို့နောက် အပူချိန်တွင် အိပ်၍ကောင်းပြီးလျှင်အအေးချိန်တွင် အလုပ်လုပ်၍ ကောင်းကြောင်း၊ ထို့ကြောင့် အကယ်၍သာ သူတို့ဆီသို့ နုနိတ်ရောက်မလာဘူးဆိုသော် သူတို့တမြို့လုံးသည် ယခုအခါတွင် အိပ်ပျော်နေကြလိမ့်မည်ဖြစ်ကြောင်းနှင့်လည်း၊မျက်မမြင် သူအိုကြီးကနုနိတ်ကို

ဆက်၍ပြောပြသည်။ ထို့ပြင် နုနိတ်သည် သူတို့ ဆည်းပူးလေ့လာထား သောပညာများကို သင်ကြား နာယူရန်အတွက် အထူးပေါ်ပေါက်လာ သူဖြစ်ကြောင်း၊နုနိတ်မှာ စိတ်ခတ်မရင့်မာသေးဘဲ၊သွားရာတွင် ခဏ ခဏလဲ ကျနေသေးသော်လည်း စိတ် မပျက်သင့်ကြောင်း၊ နုနိတ်သည် ကြိုးစား၍ သင်ကြားရမည် ဖြစ်ကြောင်းနှင့်လည်း မျက်မမြင်ကြီးက ပြောပြသည်။ ထိုသို့ပြောသောအခါ တံခါးပေါက် နားတွင် စုရုံး နေကြသော မျက်မမြင်အားလုံးက တိုးတိုးတိတ်တိတ် ဝိုင်း၍ အား ပေးစကား ပြောကြသည်။ ထို့နောက် မျက်မမြင် အိုကြီးက ညဥ့် နက်ပြီဖြစ်သဖြင့် အားလုံး အိမ်ပြန်၍ အိပ်ကြသင့်ပြီ ဖြစ်ကြောင်း နှင့် ပြောသည်။ ညဆိုသည်မှာ နေ့ကို မျက်မမြင်တို့ အခေါ်ဖြင့် ခေါ် ခြင်းဖြစ်သည်။ သူတို့တွင် အလင်း နှင့် အမှောင်မှာ ဘာမျှ အဓိပ္ပါယ်မရှိ။

သူတို့က နုနိတ် စားရန်အတွက် ကုလားအုပ် နို့ကို ခွက်တခုနှင့် ထည့်လာပြီးလျှင် ပေါင်မုံ့ဆားဖြူးကို ပေးသည်။ ပြီးလျှင် နုနိတ်အား သူတို့မကြားနိုင်သော နေရာတွင် သွား၍ စားရန် လူရှင်းသောနေရာ တခုသို့ခေါ် သွားသည်။ နုနိတ်မှာ ညနေချမ်း တောင်ငွေ့၏ အေးချမ်း မှုရသည့်အချိန်တွင် အိပ်ရာမှ ထရန် ဖြစ်သည်။ သို့ရာတွင် နုနိတ်သည် လုံးလုံးမအိပ်။

နုနိတ်သည် သူ့ကို ပေးထားသော နေရာတွင် ထိုင်၍ နေပြီးလျှင် ခြေလက်များကို အပန်းဖြေကာ၊ ပြော မယုံအောင် ထူးဆန်းသော သူ၏ ဖြစ်ရပ်ပုံများကို သူ့စိတ်ထဲတွင် အပြန်ပြန် အလှန်လှန် စဉ်းစား၍ နေသည်။

သူသည် ခဏခဏ ရယ်သည်။ တခါတရံလည်း ရယ်ချင်၍ ရယ်သည်။ တခါတရံလည်း စိတ်ဆိုး၍ ရယ်သည်။

"စိတ်ဓာတ် မခိုင်မာသေးဘူးတဲ့၊ အာရုံခံစားမှု မရှိသေးဘူးတဲ့" ဟု နုနိုတ်က မျက်မမြင်များပြောသည့်အတိုင်းလိုက်၍ ပြောသည်။ "ငါဟာ သူတို့အဖို့ ကောင်းကင်ဘုံက လွှတ်လိုက်သော သူတို့ဘုရင်ဖြစ်သည်ကို သူတို့ မသိသေး။ ရှင်ဘုရင်ကို စော်ကားနေကြခြင်းဖြစ်သည်ကို မသိကြ။ သူတို့ကို နားလည်အောင် ငါလုပ်ပြရမယ်။ စဉ်းစားအုံးမယ်.... စဉ်းစားအုံးမယ်" နုနိုတ်က ပြောသည်။

နေဝင်သွားသည်တိုင်အောင် သူသည် စဉ်းစားလျက်ပင်ရှိသည်။ နုနိုတ်သည် တင့်တယ်သောအရာများကို နှစ်သက်တတ်သဖြင့် တောင်ကြားတခုလုံးရှိ နှင်းခဲပြင်များ၊ နှင်းခဲစမ်းများ၏ အရောင်ပြန်မှုတို့သည် သူမြင်ဘူးသမျှ အရာတို့အနက် အတင့်တယ်ဆုံး ဖြစ်သည်ဟု သဘောရသည်။ သူ့မျက်စိများသည် ရောက်ပေါက်နိုင်ခဲသော နှင်းခဲပြင်တို့၏ အရောင်ပြန်မှုကို ကြည့်နေရာမှ လျင်မြန်စွာ မှောင်စပြုလာသောရွာနှင့် ဆည်ရေဝင် လယ်များဖက်သို့ ရောက်သွားသည်။ ထိုအခါ သူ့စိတ်ထဲက သူ့အား ထာဝရဘုရားက မြင်မှုပေးထားခြင်းအတွက် ထာဝရဘုရားအား လှိုက်လှိုက် လှဲလှဲ ကျေးဇူးတင်မိသည်။

ထို့နောက် ရွာအပြင်ဖက်မှ လူတယောက်က သူ့ကို ခေါ်နေသံကြားရသည်။

"ဟေ့- ဗောဂေါတ၊ ဒီကို လာဟေ့"

ထိုအခါ နုနိုတ်သည် ပြုံးရယ်၍ ထလိုက်သည်။ မြင်မှုသည် လူများအား၊ ဘယ်လို အကျိုးပြုနိုင်သည့် အကြောင်းကို၊ မျက်မမြင်များ

သိသွားအောင် တခါတည်း သူပြောပြလိုက်မည်။ သူတို့သည် သူ့ကို ရှာကြလိမ့်မည်။ သို့ရာတွင် တွေ့ကြလိမ့်မည် မဟုတ်။

"ဟေ့ ဖောဂေါတ၊ ဘာလို့ မလာဒါလဲ" ဟု အသံတသံက၊ မေးသည်။

နုနိုတ်က ကြိတ်၍ရယ်ပြီးလျှင် လမ်းဘေးသို့ တိတ်ဘိတ်ကလေး ခြေနှစ်လှမ်း လှမ်းလိုက်သည်။

"မြက်တွေကို မနင်းနဲ့ဟေ့၊ ဖောဂေါတ။ မြက်ကို မနင်းရဘူး"

ထိုအခါ နုနိုတ်မှာ အထူးအံ့သြသွား၏။ အဘယ်ကြောင့်ဆိုသော် သူ၏ခြေသံကို သူ့ဟာသူပင် ကောင်းစွာ မကြားရသောကြောင့်ဖြစ်၏။ နုနိုတ်သည် မလှုပ်ဘဲ ငြိမ်နေသည်။

နုနိုတ်ကို လှမ်း၍ ပြောသောသူသည် နုနိုတ်ရှိရာ လမ်းသို့ ပြေး၍ လာသည်။

နုနိုတ်က လမ်းပေါ်သို့ ပြန်တက်ပြီးလျှင် "ငါဒီမှာပါ"ဟု ပြောသည်။

"ငါ ခေါ်နေတာ ဘာလို့ မလာသလဲ။ သင့်ကို ကလေးလို ဆွဲခေါ်ရမလား။ သင်သွားတဲ့ အခါမှာ လမ်းကို မကြားရဘူးလား" ဟု မျက် မမြင်ကမေးသည်။

နုနိုတ်က ရယ်၍ "လမ်းကို ငါမြင်ပါတယ်" ဟုပြောသည်။

"မြင်တယ်ဆိုတဲ့ စကားမျိုး မရှိဘူး" ဟု မျက်မမြင်က အနည်းငယ် ဆိုင်းငံ့ပြီးပြောသည်။ ပြီးလျှင်ဆက်၍ "မဟုတ်တာတွေ ထပ် မပြောနဲ့။ ငါ့ ခြေသံနောက်ကို လိုက်ခဲ့"ဟု ပြောသည်။

နုနိုတ်က အနည်းငယ် စိတ်ဆိုးပြီး၊ လိုက်သွားသည်။

"ငါ့အလှည့်လဲ ရောက်အုံးမှာပေါ့"ဟု နုနိတ်က ပြောသည်။
"နောက်တော့ သင်နားလည်လာလိမ့်မယ်။လောကမှာ နားလည်စရာတွေ အများကြီးရှိတယ်"ဟု မျက်မမြင်က ပြောသည်။
"မျက်မမြင်ပြည်မှာ၊ တဖက်လပ်ဟာ ရှင်ဘုရင်ဆိုတဲ့အကြောင်းကို သင် မကြားဘူးဘူးလား"
"မျက်မမြင်ဆိုဒါ ဘာလဲ" ဟု မျက်ကန်းက အမှတ် မထင် မေးသည်။

## "ရှင်ဘုရင်ဖြစ်ချင်သူ"

လေးရက်လွန်ခဲ့ပြီ။ ငါးရက်မြောက်သော အခါ၌ပင် မျက်မမြင်ဘုရင်အား သူ့ကျေးတော်မျိုး ကျွန်တော်မျိုးများက ဘုရင်မှန်း မသိကြဘဲ၊ အသုံးမကျသောလူပါ လူစိမ်းတယောက်ဟုသာ အောက်မေ့ကြသည်။
ပဋမကနုနိတ်သည်ထိုအရပ်၌လွယ်လွယ်နှင့်ရှင်ဘုရင်အဖြစ်ရမည်ဟု ထင်ခဲ့၏။ သို့သော် ရှင်ဘုရင်အဖြစ် ကြေညာရန် ကိစ္စမှာ သူထင်သည် ထက် ခဲယဉ်းသည်ကို နုနိတ်တွေ့ရလေသည်။ ထိုအတောအတွင်း၌ သူ၏အာဏာသိမ်းမှုအတွက် ဆင်ခြင် သုံးသပ်နေယင်းနှင့် နုနိတ်သည် မျက်မမြင်ပြည်၏ ဓလေ့ ထုံးစံများကို ခိုင်းစေသည့်အတိုင်း လိုက်နာကျင့်သုံးနေရသည်။ ညတွင် အလုပ်လုပ်ရခြင်း၊ သွားရလာရခြင်းများသည် သူ့အတွက် အလွန် အဆင်မပြေသော အလုပ်များဖြစ်သည်။ ထို့ကြောင့် ညကို အလုပ် လုပ်ရမှုကို ရှေးဦးစွာ ပြုပြင်ပစ်မည်ဟု သူ သန္နိဋ္ဌာန် ချလိုက်သည်။

မျက်မမြင်ပြည်သားတို့သည် သူတို့ နားလည်သမျှသော အခြေခံ ကိုယ်ကျင့်တရားများ စိတ်ချမ်းသာမှုများအရ အလုပ်ကို ကြိုးစား လုပ်ကြပြီးလျှင် ရိုးသားစွာ နေကြသည်။ သူတို့သည် အလုပ်ကို လုပ်တော့လုပ်သည်။ သို့ရာတွင် အလွန်အကျွံ အပင်ပန်းခံပြီး မလုပ်ကြ။ သူတို့တွင် အဝတ် အထည်နှင့် အစားအစာ အလုံအလောက် ရှိကြသည်။ သူတို့တွင် အလုပ်လုပ်သောနေ့များ ရှိသလို ဘာမှမလုပ်ဘဲ အနားယူသောအချိန်များ ရှိကြသည်။ သူတို့သည် သီဆို တီးမှုတ်ခြင်းကို များစွာ လေးစား နှစ်သက်ကြသည်။ တဦးကိုတဦးလည်း ချစ်ခင်ကြင်နာကြသည်။ သူတို့တွင် ကလေးများလည်း ရှိကြသည်။ သူတို့၏ လောကထဲ၌ စည်းကမ်းတကျ၊ တိကျ ပိုင်နိုင်စွာ နေကြ ထိုင်ကြခြင်းမှာလည်း၊ အံ့ဘွယ်ပင် ဖြစ်သည်။

အစခပ်သိမ်းကို သူတို့လိုအင်များနှင့် ကိုက်ညီအောင်လည်း စီစဉ်ထားကြသည်။ သူတို့၏ ဗဟိုမှ ဘေးသို့ဖြာ၍ထွက်သော လမ်းများ ကွေ့ကောက်ပုံမှာလည်း ပုံစံ ကျလှသည်။ လမ်းဘေး အကွပ်များ ထောင့်ချိုးပုံမှာလည်း အထူးမှတ်သားဘွယ်ကောင်းသည်။ လမ်းပေါ်နှင့် မြက်ခင်းများပေါ်ရှိ ခလုတ် ကန်သင်းများကို ရှင်းလင်းဖယ်ရှားထားခဲ့ကြသည်မှာလည်း ကြာမြင့်ပြီ။ သူတို့ လုပ်ဆောင်သော နည်းလမ်းအားလုံးမှာလည်းသူတို့၏ဘဝအခြေအနေများနှင့်အညီ ပေါ်လာသော နည်းစံနစ်များသာဖြစ်သည်။သူတို့၏ အာရုံခံမှုများသည် အထူးပင် ထက်မြက်လာသည်။ သူတို့သည် လူတယောက်၏ ကိုယ်ဟန်လက်ဟန်ကို ဆယ်လှမ်း ဆယ့်နှစ်လမ်းကွာမှ နေ၍ ကြားနိုင်သိနိုင်သည်။ နှလုံးခုံသည့်အသံကိုပင် သူတို့ ကြားနိုင်သည်။ သူတို့သည် မျက်မြင်

အမူအရာအစား သံနေသံထားကို အသုံးပြုလာကြသည်မှာလည်း ကြာမြင့်ပြီ။

သူတို့၏ထိတွေ့ခြင်း အမူအရာနှင့် သူတို့၏ တူးရှင်းကိုင်မှု၊ ခက်ရင်း ကိုင်မှုတို့မှာလည်း မျက်စိမြင်သော တောင်သူလယ်သမားတို့၏နည်းတူ သွက်လက်ကျင်လည်ကြသည်။ သူတို့၏ အနံ့ခံမှုအာရုံမှာ အထူးပင် ထက်မြက်သည်။ သူတို့သည် တယောက်နှင့်တယောက် မတူသော ခြားနားချက်များကိုလည်း ခွေးများ သိသလောက်ပင် သိကြသည်။ သူတို့သည် ကုလားအုပ် မွေးရှည်များကိုလည်း လွယ်ကူစွာနှင့် ထိန်း ကျောင်းနိုင်ကြသည်။ ကုလားအုပ် မွေးရှည်တို့သည် အပေါ်ဖက်တွင် ကျက်စား၍၊တန်တိုင်းရှိရာသို့အစာစားရန်နှင့် ခိုလှုံရန်အတွက် လာကြ သည်။ လှုပ်ရှားသွားလာမှုမှာ မျက်မမြင်များအဖို့ အင်မတန်လွယ် ကူသော အလုပ်ဖြစ်ကြောင်းကို နုနိတ်သည် သူ့သဘောအတိုင်း သူလုပ်ရန် ကြံစည်ကြည့်မိမှ သိလာသည်။

နုနိတ်သည် မျက်မမြင်များအား၊ နားဝင်အောင်ပြော၍ မရနိုင် သည့်အဆုံးကျမှ တော်လှန်သည်။

ပဌမတွင် နုနိတ်သည် မြင်မှုအကြောင်းနှင့် ပတ်သက်၍ မျက်မ မြင်များအား၊ အကြိမ်ကြိမ် အခါခါ ပြောပြသည်။ "သည်ကို ကြည့် စမ်းပါ လူထုကြီးရဲ့။ငါ့မှာ သင်တို့ နားမလည်နိုင်တဲ့ အကြောင်းများကို ပြောစရာရှိတယ်"ဟု နုနိတ်က ပြောသည်။

မျက်မမြင် တယောက် နှစ်ယောက်လောက် တခါနှစ်ခါလောက် သူပြောသည်ကို ဂရုစိုက်၍ နားထောင်သည်။ သူတို့သည် မျက်နှာကို အောက်စိုက်ပြီးလျှင် နားရွက်များကို သူ့ဖက်သို့ စွင့်ထားကြသည်။

နုနိုတ်ကလည်း သူတတ်နိုင်သမျှကြိုးစား၍ မြင်မှုဆိုသည်မှာ မည်ကဲ့သို့သောအရာဖြစ်သည့် အကြောင်းကို ပြောပြသည်။ သူပြောသည်ကို နားထောင်ကြသူများထဲတွင် သူများလောက် မျက်တွင်းမဟောက်၊ သူများလောက် မျက်ခမ်းမနီသော လုံမပျိုတယောက်ပါသည်။ ထိုလုံမပျို၏မျက်လုံးများမှာ မှိတ်ထားသကဲ့သို့သာ ထင်ရသည်။ ထိုလုံမပျိုသည် သူပြောလျှင် နားလည်လိမ့်မည်ဟု နုနိုတ် မြှော်လင့်သည်။ သူက တောင်တန်းကြီးများကို မြင်ရခြင်း၊ မိုးကောင်းကင်ကို မြင်ရခြင်း၊ နေထွက်သည်ကို မြင်ရခြင်း စသည်တို့၏ တင့်တယ်ဟန်ကို ပြောပြသည်။ သူတို့က သူ ပြောသည်များကို အယုံအကြည်မရှိဘဲ၊ ရယ်စရာဟုသာ အောက်မေ့ကြသည်။

မကြာမီပင် သူတို့က နုနိုတ်ပြောသည်များကို ရှုတ်ချ လာကြသည်။ သူတို့က တောင်ဆိုဒါမျိုး မရှိဘူး ကုလားအုပ်တွေ ကျက်စားနေကြသည့် ကျောက်ဆောင်ကြီးများ၏ အစွန်းသည် ကမ္ဘာ အဆုံးဖြစ်သည်။ ထိုနေရာမှနေ၍ စကြာဝဠာ၏ လိုဏ်မိုးစ၍ ပေါ်လာသည်။ ထိုအမိုးမှ နှင်းများနှင့် ဆီးနှင်းစမ်းများ ပေါ်လာသည်ဟု ပြောကြသည်။ နုနိုတ်က ကမ္ဘာကြီးမှာ သူတို့ပြောကြသလို အဆုံးလည်းမရှိ၊ အမိုးလည်း မရှိသည့် အကြောင်းကို ပြောသောအခါ နုနိုတ်၏ တွေးတောမှုများသည် ယုတ်မာသည်ဟု ပြောကြသည်။ နုနိုတ်က မိုးကောင်းကင်နှင့် တိမ်များ ကြယ်များ အကြောင်းကို ပြောပြသောအခါ၊ သူတို့ စိတ်ထဲတွင် ကြောက်စရာကောင်းသော ဟင်းလင်းပြင်ကြီးဟုသာမြင်ကြသည်။ သူတို့ အဖို့တွင် လိုဏ်ကြီး၏ အမိုးမှာ အလွန်ချောမွေ့သော အထိအတွေ့ရှိသည်ဟု အခိုင်အမာ

ယုံကြည်ကြသည်။ သူပြောသည့် စကားများကို ကြားရသောအခါ မျက်မမြင်များသည် ကြက်သီးမွေးညင်း ထသွားကြသည်ကို နုနိတ် တွေ့ရသည်။

သို့နှင့် နုနိတ်သည် ထိုအကြောင်းများကို လုံးဝဆက်၍ မပြော တော့ဘဲ၊ မြင်မှုကြောင့် လက်တွေ့ အကျိုးခံစားရမှု များကိုသာ ပြောပြသည်။ တမနက်တွင် လူတစုနှင့် စကားပြောနေခိုက် တဆယ့် ခုနစ်ဟု ခေါ်သောလမ်းမှ ပေဒရော လာနေသည်ကို နုနိတ်က လှမ်း၍ မြင်သည်။ ပေဒရောမှာ ဝေးနေသေးသဖြင့်၊ သူလာသည့် အသံကိုလည်း မကြားနိုင်သေး။ သူ၏ အနံ့ကို မသိနိုင်သေး၊ နုနိတ်က ထိုသို့ ဖြစ်သည့် အကြောင်းကို သူတို့အား ပြောပြသည်။ "ခဏ ကြာလျှင် ပေဒရော ဒီကို ရောက်လာလိမ့်မယ်"ဟု နုနိတ်က နိမိတ် ဖတ်လိုက်သည်။ ထိုအခါ အဘိုးကြီး တယောက်က ပေဒရောဟာ တဆယ့်ခုနစ်လမ်းကို လာစရာ ဘာအကြောင်းမှ မရှိဘူးဟု ပြော သည်။ ထိုအခိုက်တွင် အဖိုးကြီး ပြောသည်ကို ထောက်ခံချက် ပေး သည့်အလား ပေဒရောသည် နီးလာသောအခါ လမ်းတဆယ်သို့ ဖြတ် ကူးသွားသည်။ ထိုမှတဖန် နောက်ပြန် တုံ့ပြီးလျှင် အပြင်တန်တိုင်း ဖက်သို့ ဆက်၍ သွားသည်။ ပေဒရောသည် နုနိတ် ပြောသည့် အတိုင်း ရောက်မလာသောအခါ သူတို့က နုနိတ်ကို ဝိုင်း၍ လှောင်ကြ သည်။ နောက်တွင် ပေဒရောနှင့် တွေ့၍ ထိုအကြောင်းကို သက်သေ ရှင်းသောအခါ ပေဒရောက မဟုတ်ရကြောင်းနှင့် ငြင်းသဖြင့် နုနိတ် အရေးနိမ့်သွားသည်။ ပေဒရောသည် ထိုအချိန်မှစ၍ နုနိတ်ကို ရန်လုပ် နေသည်။

ထိုနောက် နုနိုတ်က သူ့အား ကုန်းစောင်း မြက်ခင်းများပေါ်တွင် တန်တိုင်းထိအောင် လျှောက်ကြည့်ခွင့် ပြုရန်နှင့် သူနှင့် အဖော်တယောက် ထည့်လိုက်ရန် ပြောသည်။ သူနှင့် ထည့်လိုက်သူအား ရွာထဲကအိမ်များတွင် ဖြစ်ပျက်သမျှ အကြောင်းများကို သူကပြောပြပါမည်ဟု နုနိုတ်က တာဝန်ခံသည်။ နုနိုတ်သည် အိမ်ထဲသို့ဝင်သူများ၊ အိမ်ထဲမှထွက်သူများ၏ အကြောင်းကို ပြောပြသည်။ သို့ရာတွင် သူတို့ကမူ အိမ်တွင်းနှင့်အိမ်ကွယ်တွင် ဖြစ်ပျက်သည့် အရေးကိစ္စများကိုသာ စိတ်ဝင်စားကြသည်။ အိမ်တွင်းနှင့် အိမ်ကွယ်တွင် ဖြစ်ပျက်သည့် ကိစ္စများကိုမူ နုနိုတ်သည် အမြင်ဖြင့်ရင်း၊ အနံ့ဖြင့်ရင်း မသိနိုင်။ ထိုအကြိမ်တွင် သူ့အကြံ မအောင်မြင်ဘဲ၊ သူ့ကိုဝိုင်း၍ လှောင်ပြောင်ကြသောအခါ၊ နုနိုတ်သည် သည်းမခံနိုင်တော့ဘဲ အကြမ်းမှုကို သုံးရန်ကြံလိုက်သည်။ နုနိုတ်ကတူးရွင်းတခုကိုယူပြီးလျှင်မျက်မမြင်တယောက်နှစ်ယောက်လောက်ကို ဗြုန်းကနဲ ရိုက်လှဲလိုက်ပြီးနောက် မျက်စိသည် တရားသဖြင့် တိုက်ခိုက်ရာတွင် ကျေးဇူးများစွာ ပြုနိုင်သည့် အကြောင်းကို ပြန်ရန်ကြံသည်။ ထိုအကြံအရ နုနိုတ်သည် တူးရွင်းဘခုကိုပင် ကောက်၍ ကိုင်လိုက်သည့်အခြေအနေသို့ ရောက်သွားသည်။ နောက်မှ သူသည်ပြန်၍စဉ်းစားမိသည်။ ထိုအချက်မှာ မျက်စိ မမြင်သော သူတယောက်အား သူကအကြောင်းမဲ့ ရိုက်နှက်ရန် မဖြစ်နိုင်ခြင်းဖြစ်သည်။

နုနိုတ်သည် လက်ရှိ ့သွားသည်။ ပြီးလျှင် တူးရွင်းကို သူကောက်ကိုင်လိုက်သည်ကို အားလုံးက သိကြကြောင်းကို တွေ့ရသည်။ သူတို့သည် သတိနှင့် နေကြပြီးလျှင် ဦးခေါင်းများကို တဖက်သို့ စောင်း

ထားကြသည်။ ပြီးလျှင် နုနိုတ်က နောင် ဘာဆက်၍ လုပ်မည်ကို သိနိုင်ရန် သူ့ဖက်သို့ နားများကို စွင့်ထားကြသည်။

"အဲဒီ တူးရွင်းကို ချလိုက်"ဟု တယောက်က ပြောသည်။ နုနိုတ်သည် လန့်၍သွားသည်။ သူ့လက်ထဲက တူးရွင်းကို ချလိုက်ရတော့ မလိုဖြစ်သွားသည်။

ထို့နောက် နုနိုတ်သည် မျက်မမြင်တယောက်အား တန်တိုင်းဖက်သို့ နောက်ပြန်တွန်းပစ်လိုက်ပြီးလျှင် ထိုသူအနားမှ ဖြတ်၍ ရွာထဲမှ ထွက်ပြေးသည်။

နုနိုတ်သည် မြက်ခင်းတခုပေါ်သို့ဖြတ်ပြေးသဖြင့် သူခြေနှင့်နင်းထားသော နေရာများတွင် မြက်များလဲ၍ ကျန်ရစ်သည်။ ပြီးလျှင် နုနိုတ်သည် လမ်းတခုဘေးတွင် ထိုင်နေသည်။ ရန်ဖြစ်ခါစတွင် စိတ်ပေါ့ပါးမှု ပေါ်လာမြဲဖြစ်သည့်အတိုင်း နုနိုတ်တွင်လည်း စိတ်ပေါ့ပါးမှု ပေါ်လာသည်။ ပြီးလျှင်ပို၍ စိတ်ရှုပ်လာသည်။ ထို့နောက်မိမိနှင့် စိတ်ဓာတ်အခြေအနေချင်း မတူသော သူများနှင့်၊ စိတ်အေး လက်အေး ခိုက်ရန်ဖြစ်ရန် မဖြစ်နိုင်ကြောင်းကို နုနိုတ် သဘောပေါက်လာသည်။ သူနှင့် ဝေးလံသော အရပ်ရှိ အိမ်တန်းများ ကြားမှ၊ လူအများသည် တူးရွင်းများ၊ တုတ်များကိုကိုင်၍ ထွက်လာကြပြီးလျှင် လမ်း အသွယ်သွယ်မှ နေ၍ သူ့ဆီသို့ ရှေ့ရှု ချီတက် လာကြသည်ကို နုနိုတ်မြင်ရသည်။ သူတို့သည် တယောက်နှင့် တယောက် မကြာမကြာ စကားပြော၍ ဖြည်းညှင်းစွာ ချီတက်၍ လာနေကြသည်။ ခဏခဏလည်း လူတအုပ်လုံးသည် ရပ်၍လေကို ရှူရှိုက်ကြည့်ကြပြီးလျှင် နားထောင်ကြသည်။

ထိုသို့ပဌမစ၍ လုပ်ကြသောအခါ နုနိုတ်က ရယ်သည်။ သို့ရာတွင် နောက်ကျသောအခါတွင် နုနိုတ်သည် မရယ်တော့။

မျက်မမြင်တယောက်သည်၊ မြက်ခင်းထဲတွင် သူ့ခြေရာကို ခံမိသဖြင့် ကုန်း၍စမ်းကာ ခြေရာကြောင်း အတိုင်း လိုက်၍ လာသည်။

နုနိုတ်သည် ငါးမိနစ်မျှ လူအုပ်ကြီး၏ အပြုအမူကို စောင့်ကြည့်နေသည်။ ထို့နောက် တခုခုကို လုပ်မှ ဖြစ်တော့မှာဘဲ ဆိုသော စိတ်ပေါ်လာပြီးလျှင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာသည်။ နုနိုတ်သည် ထိုင်ရာမှထ၍ တန်တိုင်းဖက်သို့ နှစ်လှမ်းသုံးလှမ်းသွားသည်။ ပြီးလျှင် လှည့်၍အနည်းငယ် ပြန်တိုးလာသည်။ လူအုပ်ကြီးသည် လခြမ်းပုံသဏ္ဍာန်ငြိမ်သက်စွာ ဝိုင်း၍ ရပ်နေပြီးလျှင် နားစွင့်နေကြသည်။

နုနိုတ်ကလည်း ငြိမ်၍ ရပ်နေသည်။ သူ့လက်နှစ်ဖက်နှင့်တူးရွင်းကို ခိုင်မြဲစွာ ကိုင်ထားသည်။ နုနိုတ်သည် ထိုးစစ် ဆင်လိမ့်မည်လော။

သူ့နားထဲတွင် သွေးတိုးချက်မှာ "မျက်မမြင် တိုင်းပြည်မှာ တဖက်လပ်ဟာ ရှင်ဘုရင်" ဆိုသော အသံနှင့် စီးဝါးကိုက်နေသည်။

နုနိုတ်သည် ထိုးစစ် ဆင်လိမ့်မည်လော။

နုနိုတ်သည် သူ့နောက်ဖက်တွင်ရှိသော တက်၍ မဖြစ်နိုင်သည့် တန်တိုင်းမြင့်ကြီးကို လှည့်၍ကြည့်သည်။တန်တိုင်းမြင့်ကြီးကို တက်၍ မဖြစ်နိုင်ခြင်းမှာ ချောနေအောင် အင်္ဂတေ ကိုင်ထားသောကြောင့် ဖြစ်သည်။ထိုတန်တိုင်းမြင့်ကြီးတွင် ပြတင်းပေါက်ငယ်အများရှိသည်။ ပြီးလျှင် သူ့နောက်က လိုက်လာကြသူများကို လှမ်း၍ ကြည့်ပြန်သည်။

နုနိုတ်သည် ထိုးစစ် ဆင်လိမ့်မည်လော။

"ဟော့ ဗောဂေါ်တ၊ ဟော့ ဗောဂေါ်ဘ၊ သင်ဘယ်မှာလဲ"ဟု တယောက်က မေးသည်။

နုနိုတ်သည် တူးရွှင်းကို လက်နှစ်ဖက်နှင့် မြဲမြဲဆုပ်ပြီးလျှင် ရွှာဖက်သို့ ရှေးရှု၍ မြက်ခင်းပေါ်သို့တိုးလာသည်။ ထိုသို့ သူ တိုးလာသည်နှင့် တပြိုင်နက် မျက်မမြင်များက သူ့ဆီသို့ စုဝိုင်း၍ လာကြသည်။ "ငါ့ကိုထိယင် ဒင်းတို့ကို ငါသတ်မည်။ဘုရား စူးရစေ့၊ ငါသတ်မည်။ ငါချမည်" ဟု နုနိုတ်က ကြိမ်းသည်။ ပြီးလျှင် "ဟော့ဒီမှာကြည့်ကြစမ်း။ ဒီတောင်ကြား အတွင်းမှာ၊ ငါလုပ်ချင်ရာ လုပ်မည်။ ဟော့ကြားကြတယ်မဟုတ်လား။ ငါလုပ်ချင်တာ လုပ်ပြီး၊ သွားချင်ရာသွားမည်"ဟု နုနိုတ်က အော်၍ ပြောသည်။

သူတို့သည် နုနိုတ်ဆီသို့ လျင်မြန်စွာ လာနေကြသည်။ စမ်း၍ လာကြသော်လည်း သူတို့သည် အင်မတန်လျင်မြန်ကြသည်။ နုနိုတ်နှင့် မျက်မမြင်တို့မှာ၊ နုနိုတ်မှတပါး အားလုံးသည် မျက်စိကို အဝတ်နှင့်စီး၍ ပုတ်တလုပ်တောက်တဲ့ ရိုက်တမ်း ကစားနေကြသလို ဖြစ်နေသည်။ "ဖမ်းလိုက်ဟော့"ဟု တယောက်က အော်သည်။ နုနိုတ်မှာ လခြမ်းကွဲသို့ ဘေးကပန်း၍ ဝိုင်းထားခြင်း ခံနေရပြီ။ သူသည် ဤတချိန်၌ တခုခုကို မြန်မြန်စိတ်ကူးပြီးလုပ်မှပင် ဖြစ်တော့မည်ဟု နုနိုတ်စိတ်ထဲက ရုတ်တရက် အောက်မေ့လိုက်သည်။

"သင်တို့ ဘာမှ နားမလည်ဘူး"ဟု နုနိုတ်က သူ့အမြင်ကြောင်းကို ပြရန်စိတ်ကူးပြီး အော်၍ပြောသည်။ သို့ရာတွင် သူ၏အသံမှာ တည်ကြည်ခြင်းမရှိ။ ပြီးလျှင် နုနိုတ်က "သင်တို့ဟာ မျက်စိရှိဒါ မဟုတ်ဘူး။ ငါ့ အမြင်ဘဲ"ဟု ဆက်၍ ပြောသည်။

"ဟော့ ဗောဂေါ်တ၊ တူးရှင်းကြီးကိုချပြီး၊ မြက်ပေါ်ကထွက်ခဲ့။"

နောက်ဆုံးပေးလိုက်သော အမိန့်သံကြောင့် နုနိတ်သည် အကြီးအကျယ် စိတ်ဆိုးသွားသည်။

"သင်တို့ နာကုန်လိမ့်မယ်။ ဘုရားစူးရစေရဲ့၊ သင်တို့ နာကုန်လိမ့်မယ်။ ငါ့အနားကို တယောက်မှ မကပ်ကြနဲ့"ဟု နုနိတ်က အသက်ရှူမမှန်ဘဲပြောသည်။

နုနိတ်သည် သူ့စိတ်ထဲက ဘယ်ပြေးရမှန်း မသိဘဲနှင့် ပြေးစပြုသည်။ သူသည် သူနှင့် အနီးဆုံး မျက်မမြင်ထံမှ ထွက်ပြေးသည်။ အဘယ်ကြောင့်ဆိုသော်၊ သူ့စိတ်ထဲက ထိုမျက်မမြင်ကို ရိုက်မိမည်စိုးသောကြောင့်ဖြစ်သည်။ ပြီးလျှင် သူတို့ ဝိုင်းထားသည့်အထဲမှ လွတ်အောင် အတင်းပြေးသည်။ သူသည် လူ ကြဲနေသည့် ကြားဆီသို့ အတင်းပြေးသွားသည်။ သို့ရာတွင် သူ၏ ခြေသံများ နီးလာသည်ကို ချက်ခြင်းသိသဖြင့် တဖက်တချက်တွင်ရှိသော သူနှစ်ယောက်ကပြေးလာပြီး တယောက်နှင့် တယောက် တိုက်မိကြသည်။ နုနိတ်က ရှေ့သို့ခုန်လိုက်သည်။ သူ့ကို မိတော့မှာဘဲ ဆိုသည်ကို သူသိသည်။ ဗုံးကနဲ တူးရှင်းနှင့် ရိုက်လိုက်ပြီး၊ မြည်သောအသံ မပြင်းသဖြင့် လက်မောင်းကို ရိုက်မိသည်ဟု သူသဘောရသည်။ အရိုက်ခံရသူသည် အော်ပြီး လဲကျသွားသည်။ နုနိတ် လွတ်သွားပြီ။

လွတ်သွားပြီ။ သို့ရာတွင် နုနိတ်သည် လမ်းပေါ်ရှိ အိမ်များအနီးသို့ရောက်သွားသည်။ မျက်မမြင်တို့သည် တူးရှင်းများ တုတ်များကို ဝှေ့၍ဟိုသို့ ဤသို့ ပြေးကြသည်။

သူ့နောက်မှ ခြေသံများကြား၍ လှည့်ကြည့်လိုက်သောအခါ

အရပ်ရှည်ရှည်နှင့် လူတယောက်သည်၊ သူ့ဆီသို့ အတင်း ပြေးလာပြီးလျှင် သူ့အသံ ကြားရာသို့ တအားကြုံး၍ ရိုက်လိုက်သည်ကိုတွေ့ရသည်။ နုနိတ်သည် ကြောက်၍သွားပြီးလျှင် ရန်သူအား တူးရှင်းနှင့် ပစ်လိုက်ရာ နှစ်တောင်လောက် လွဲသွားသည်။ ပြီးလျှင် ကွေ့ပတ်ပြီး ထွက်ပြေးသည်။နောက်ထပ် ရန်သူတယောက်ကို ရှောင်တိမ်းယင်းနှင့် လည်း၊ အသံအတော်ကျယ်စွာဖြင့် အော်မိသည်။

နုနိတ်သည် အကြောက်ကြီးကြောက်၍ နေပြီ။ ဟိုပြေး သည်ပြေး တအားကုန်ပြေးပြီးလျှင် တိမ်းရှောင်ဖို့ မလိုဘဲနှင့်လည်း တိမ်းရှောင်နေသည်။ အဖက်ဖက်က လာသော ရန်သူများအတွက် အစိုးရိမ်လွန်နေသဖြင့် ခဏခဏ လဲကျသည်။ နုနိတ်သည် တခဏဘာမျှ လဲကျသွားသည်။ သူလဲကျသံကို ရန်သူများက ကြားကြသည်။ ဘေးမှ ဝိုင်း၍ ကာထားသော တန်တိုင်းတွင် တံခါးပေါက်ကလေးတခု ရှိသည်ကို နုနိတ် မြင်ရသည်။ သူ့အဖို့တွင် ထိုတံခါးပေါက်သည် ကောင်းကင်ဘုံဟု ထင်ရသည်။ နုနိတ်သည် ထို တံခါးပေါက်ကလေးဆီသို့ တအားစွတ်၍ ပြေးသည်။ တံခါးပေါက်သို့ မရောက်မခြင်း နုနိတ်သည် နောက်သို့လှည့်၍မကြည့်။ နုနိတ်သည် တန်တားပေါ်သို့ လဲကျသွားသည်။ ပြီးလျှင် ကျောက်ဆောင်များကို အနည်းငယ် တွယ်၍ တက်သွားသည်။ ထိုအခါ ကုလားအုပ်မွေးရှည်ကလေးတကောင်က လန့်၍ထွက်ပြေးသည်။ ထိုနောက် နုနိတ်သည် အမောပြေစေရန် လည်းလျောင်း၍ နေသည်။

ဤနည်းဖြင့် နုနိတ်၏ အာဏာသိမ်းမှု အကြံအစည်သည် အဆုံးသတ်လေသတည်း။

နုနိုင်သည် မျက်မမြင်တိုင်းပြည် တောင်ကြားတန်တိုင်းပြင်ဖက်တွင် နှစ်နေ့နှင့် နှစ်ည အမိုးအကာမရှိ၊ အစားအစာ မရှိဘဲနှင့် နေပြီးလျှင် သူ့အဖြစ်ကို သုံးသပ်ကြည့်သည်။ ထိုသို့ သုံးသပ်နေယင်းနှင့် "မျက်မမြင်တိုင်းပြည်မှာ တဖက်လပ်ဟာ ရှင်ဘုရင်" ဆိုသော စကားပုံမှာ လုံးလုံးမှားသည့် စကားပုံဖြစ်ကြောင်းကို အကြိမ်ကြိမ်အခါခါ ရွတ်၍နေသည်။ ထိုစကားပုံကို နုနိုင်သည် အကြီးအကျယ် အထင်အမြင် သေးသွားသည်။ ထိုနောက် နုနိုင်သည် သူ့ ရန်သူများကို မည်ကဲ့သို့ နိုင်အောင် တိုက်ရမည့် နည်းများကို ကြံစည်သည်။ ထိုသို့ကြံစည်ယင်းနှင့် သူ၏ ရန်သူများကို လက်တွေ့နိုင်အောင် တိုက်နိုင်သော နည်းမရှိသည်ကို ကောင်းစွာ သဘောပေါက်လာသည်။ သူ့တွင် လက်နက် တခုမျှမရှိ။ နောက်ထပ် လက်နက် တခုလောက် ရဘို့ပင် ခဲယဉ်းသည်။

ဗောဂေါ်တမြို့၌ နေစဉ်ကပင် နုနိုင်သည် ယဉ်ကျေးမှု၏ မကောင်းကျိုးကို ခံစားခဲ့ရသည်။ သူသည် မျက်စိမမြင်သော သူတယောက်အား သွား၍ မသတ်ရက်။ အကယ်၍ သတ်ရက်ခဲ့သည် ရှိသော် ကျန်သော သူများအား အကုန် သတ်ပစ်မည်ဟု ခြိမ်းခြောက်ကာ အရေးဆိုနိုင်သည်။ သို့ရာတွင် သူသည် မအိပ်ဘဲ နေနိုင်လိမ့်မည် မဟုတ်။

နုနိုင်သည် ထင်ရှူးတောထဲသို့သွား၍ အစာရှာပြီးလျှင် ညတွင်နှင်းများ ကျသည့်အခါတွင် ထင်းရှူးပင် ရိပ်တွင် ခိုလှုံရန်ကြံသည်။ ထိုနောက် ကုလားအုပ်တကောင်ကို ကျောက်ခဲနှင့် ထုသတ်ပြီး ကုလားအုပ်သား စားရရန်လည်းကြံစည်သည်။ သို့ရာတွင် ကုလားအုပ်တို့သည်

သူ့ကို အယုံအကြည် မရှိကြသဖြင့် သူ့ကို မယုံကြည်သော မျက်လုံး ညိုကြီးများဖြင့် ကြည့်ကြပြီးလျှင် သူအနား ကပ်လာသည်နှင့် တပြိုင် နက် ခွါစုံပေါက်၍ပြေးကြသည်။ ဒုတိယနေ့တွင် ကြောက်စိတ် ဝင်လာ ပြီးလျှင် ချမ်းတုန်လာသည်။ နောက်ဆုံးတွင် နုနိတ်သည် မျက်မမြင် ပြည် တန်တိုင်းမှ လျှော၍ ဆင်းသွားပြီးလျှင် စစ်ပြေငြိမ်းစာချုပ်ချုပ် ရန် ကြိုးစားသည်။ နုနိတ်သည် ချောင်းရိုးအတိုင်း လျှောက်၍သွားပြီး လျှင် မျက်မမြင်များကို လှမ်း၍ ခေါ်သည်။ မျက်မမြင်နှစ်ယောက်က တံခါးပေါက်သို့ ထွက်သွားပြီးလျှင် နုနိတ်နှင့် စကားပြောကြသည်။

"ငါရူးလို့ လုပ်မိတာပါ"ဟု နုနိတ်က ပြောသည်။ ပြီးလျှင် "တ ကယ်ဆိုတော့ ငါဟာ လူဖြစ်လာခါစဘဲ ရှိပါသေးတယ်"ဟု ဆက်၍ ပြောသည်။

သူတို့က တော်လာပြီဟု ပြောသည်။

သူက ယခုအခါ သူသည် လိမ်မာလာပြီဖြစ်ကြောင်း၊ သူပြုလုပ် မိခဲ့သမျှအတွက် နောင်တဖြစ်ကြောင်း ပြောသည်။

ထိုနောက် နုနိတ်သည် ရည်ရွယ်ချက် မရှိဘဲနှင့် ငိုသည်။ အဘယ် ကြောင့်ဆိုသော် သူသည် ယခုအခါတွင် အလွန်အားနည်းပြီး မကျန်း မမာ ဖြစ်နေသောကြောင့် ဖြစ်သည်။ သူတို့က နုနိတ် ငိုခြင်းကို ကောင်းသော အရိပ်နိမိတ်ဟု ယူဆကြသည်။

သူတို့က နုနိတ်အား သူသည် အခုထက်တိုင် မြင်နိုင်သေးသလား ဟု မေးကြသည်။

"မမြင်နိုင်တော့ပါဘူး။ မြင်တယ်ဆိုတာ အရူးစကားပါ။ ဒီစကား ဟာ ဘာဆိုလို့ ဘာမှ အဓိပ္ပါယ်မရှိဘူး"ဟု နုနိတ်ကပြောသည်။

အပေါ်မှာ ဘာရှိသလဲဟု နုနိတ်ကို သူတို့က မေးကြသည်။ "လူတယောက်၏ အရပ်ဆယ်ပြန် အထက်တွင် ကမ္ဘာ၏ ခေါင်မိုးရှိသည်။ ထိုခေါင်မိုးသည် ကျောက်ဖြစ်သည်။ အလွန့်အလွန်ချောမွေ့သည်" ဟု ပြောပြီးလျှင် နုနိတ်သည် စိတ်တုန်လှုပ်ချောက်ချားပြီး ငိုသည်။ ပြီးလျှင် "မေးဒါတော့ မေးကြဒါပေါ့။ သဟာပေမင့် ငါ့ကိုတော့ စားစရာတခုခု ပေးကြပါအုံး။ မပေးလျှင်ငါသေရပါလိမ့်မည်" ဟု ဆက်၍ ပြောသည်။

သူ့ကို အကြီးအကျယ် အပြစ်ဒဏ်ပေးလိမ့်မည်ဟု နုနိတ်စိတ်ထဲက ထင်သည်။ သို့ရာတွင် မျက်မမြင်တို့သည် သည်းခံစိတ် အများကြီးရှိကြသည်။ နုနိတ်က တော်လှန်ခြင်းသည် စိတ်မနှံ့မှုနှင့် သူ့ကိုယ်သူ အထင်သေးမှုကို ထင်ရှားစေသော အကြောင်းတခု ဖြစ်သည်ဟု သူတို့ကယူဆကြသည်။ မျက်မမြင်တို့သည် နုနိတ်အား ကြိမ်ဒဏ်ရိုက်ပြီးလျှင် အလွယ်ကူဆုံးနှင့် အလေးလံဆုံး အလုပ်ကို လုပ်ရန် တာဝန်ပေးကြသည်။ နုနိတ်ကလည်း အခြားအသက်မွေးမှု တခုခုကို မမြင်သည့်အတွက် သူတို့ခိုင်းသည့် အလုပ်ကို ကျိုးနွံစွာ လုပ်သည်။

နုနိတ်သည် ရက်အနည်းငယ် ဖျားနေရာ သူတို့က ကြင်နာစွာ ပြုစုကြသည်။ ထိုကြောင့် သူ့စိတ်သက်သာရာရသည်။ သို့ရာတွင် သူတို့က နုနိတ်အားမှောင်မိုက်ထဲတွင် အအိပ်ခိုင်းခြင်းမှာ နုနိတ်အဖို့ အကြီးအကျယ် စိတ်ညစ်စရာ အကြောင်းဖြစ်သည်။ ပြီးလျှင် မျက်မမြင်သဘာဝတ္ထုဆရာကြီးများက နုနိတ်ဆီသို့လာ၍ နုနိတ်၏ စိတ်သည်ယုတ်မာ ပေါ့သွပ်ကြောင်း ပြောကြသည်။ ပြီးလျှင် သူတို့ စကြဝဠာပေါ်တွင် အဖုံးရှိသည်ကို နုနိတ်က မယုံကြည်ခြင်းအတွက် နုနိတ်အား

အပြစ်တင်ကြသည်။ သူတို့ အပြစ်တင်ပုံမှာ အလွန် မှတ်သားဘွယ် ကောင်းသဖြင့် နုနိုတ်စိတ်ထဲကပင် ကမ္ဘာ၏ အဖုံးကို မမြင်ရခြင်းမှာ သူ မျက်စိမှောက်နေ၍များ ဖြစ်သလားဟု ထင်လာသည်။

## အချစ်လောက

ဤနည်းဖြင့် နုနိုတ်သည် မျက်မမြင်ပြည်သားတယောက်အဖြစ်သို့ ရောက်သွားသည်။ ထိုအခါမှစ၍ မျက်မမြင်ပြည်သားတို့သည် သာမန် လူသားများနှင့် မတူတော့ဘဲ သူနှင့် ပုဂ္ဂလဓိဋ္ဌာန် သက်ဆိုင်သော လူမျိုးများအဖြစ်သို့ ရောက်သွားလေသည်။ တောင်တန်းများ၏ ဟိုမှာဖက်တွင်ရှိကြသော လူများမှာ တနေ့တခြား ဝေးဝေးသွားပြီးလျှင် အကယ် မရှိသကဲ့သို့ ဖြစ်၍သွားသည်။ သူ့အဖို့တွင် သူ့သခင် ယကောက် ရှိသည်။ ယကောက်သည် စိတ်မဆိုးသော အခါတွင် လူကောင်းတယောက်ဖြစ်သည်။ ပြီးလျှင် ယကောက်၏တူ ပေဒရော လည်း ရှိသေးသည်။ ထို့ပြင် ယကောက်၏ သမီးအထွေးဆုံး မေဒိန သရောတေလည်းရှိသည်။ မေဒိနသရောတေကို မျက်မမြင်များက အ ထင်အမြင်မကြီးကြ။ အဘယ်ကြောင့်ဆိုသော် သူ့မျက်နှာမှာ ကြည် လင်၍ သူ့အသားမှာ ချောပြောင် မနေသောကြောင့်ဖြစ်သည်။ မျက်မမြင်တို့က မိန်းမတို့၏အသားမှာ ချောပြောင်နေမှသာမြတ်သည် ဟု ယူဆကြသည်။ သို့ရာတွင် နုနိုတ်ကမူ မေဒိနသရောတေသည် ချော သည်ဟု ထင်ခဲ့သည်။ ထိုနောက် များမကြာမီတွင် တလောကလုံး အချောဆုံးဟု ထင်လာသည်။ မေဒိန၏ မျက်စိများမှာ အခြားမျက် မမြင်ပြည်သားများ၏ မျက်စိများကဲ့သို့ ဟောက်၍လည်း မနေ၊ နိ

၍လည်း မနေ။ အချိန်အခါမရွေး ဖွင့်ချင်သည့်အခါတွင် ဖွင့်နိုင်သကဲ့သို့ရှိသည်။ သူ့မျက်တောင်များမှာရှည်သဖြင့် မျက်မမြင်များက အကြီးအကျယ် အရုပ်ဆိုးသည်ဟု ယူဆကြသည်။ ပြီးလျှင် သူ့အသံမှာ မာသဖြင့် နားပါးသော မျက်မမြင် ကာလသားများက သဘောမကျကြ။ ထို့ကြောင့် သူ့ကို ကြိုက်မည့်သူ မရှိ။

တနေ့တွင် နုနိုတ်၏ စိတ်ထဲက မေဒိန သရောတေကိုသာ သူရနိုင်မည်ဆိုလျှင် သူသည် ထိုတောင်ကြားအတွင်း၌ တသက်ပတ်လုံး စိတ်ချမ်းသာ လက်ချမ်းသာနှင့် နေနိုင်လိမ့်မည်ဟု ထင်မိသည်။

နုနိုတ်သည် မေဒိနကို အမြဲစောင့်ကြည့်နေသည်။ ပြီးလျှင် မေဒိနအလိုရှိသော အမှုကိစ္စကလေးများကို ဆောင်ရွက်ပေးနိုင်ခွင့် ရရန်ကို ရှာ၍နေသည်။ မေဒိနကလည်း ထိုအကြောင်းကို ရိပ်မိသည်။ တနေ့သော အနားယူနေ့အစုအဝေးတွင် သူတို့နှစ်ယောက်သည် မှုန်မွှားသောကြယ်ရောင်များအောက်တွင် ဘေးချင်းယှဉ်၍ထိုင်နေကြသည်။ တီးသံမှုတ်သံများကလည်း အလွန်သာယာသည်။ သူ့လက်သည် မေဒိန၏လက်ပေါ်သို့ ရောက်သွားသည်။ သူက အရဲစွန့်၍ လက်ကလေးကို ကိုင်လိုက်သည်။ မေဒိနကလည်း သူ့လက်ကို ယုယစွာ ပြန်၍ ကိုင်သည်။ တနေ့တွင် မှောင်ကြီး မဲကြီးထဲ၌ သူတို့နှစ်ယောက် ထမင်းစားနေကြစဉ် မေဒိနက အလွန်နူးညံ့သော လက်ကလေးနှင့် သူ့ကိုလိုက်ကိုင်နေသည်ကို နုနိုတ်တွေ့ရသည်။ ထိုအခိုက်တွင် ကံအားလျော်စွာ မီးဖိုမှ မီးတောက်ထလာသဖြင့် မေဒိန၏မျက်နှာကလေးမှာ အင်မတန်နုနယ်သည့်အဖြစ်ကို နုနိုတ် မြင်လိုက်ရသည်။

နုနိုတ်က မေဒိနနှင့် စကားပြောခွင့်ရရန် ကြံသည်။

တနေ့တွင် နွေရာသီ လသာသာ၌ မေဒိန ဗိုင်းငင်နေရာသို့ နုနိတ် ရောက်သွားသည်။ လရောင်ထဲ၌ မေဒိန၏ မျက်နှာမှာ ဘော်ရောင်ကဲ့သို့ ဖြူဖွေးနေပြီး အံ့သြဘွယ်ရာ ဖြစ်နေသည်။ နုနိတ်က သူ့ခြေရင်းတွင် ဝင်ထိုင်ပြီးလျှင် သူ့အားချစ်ကြောင်းကိုပြောသည်။ပြီးလျှင် နုနိတ်၏စိတ်ထဲတွင် မေဒိနသည် အလွန်လှသည်ဟု ထင်ကြောင်းကို ပြောသည်။ နုနိတ်သည် ချစ်သူတို့၏ အသံဖြင့် လေးဝံ့ရွံ့ထိတ်စွာ ပြောသည်။မေဒိနသည် ချစ်သူတို့၏ မြွတ်နိုးခြင်းနှင့် တခါမျှ မတွေ့ဘူးသေး၊ မေဒိနက သူ့ကို အသေအချာ စကားမပြန်လိုက်။ သို့ရာတွင် သူပြောသောစကားများကို မေဒိနက သဘောကျသည်မှာ သေချာသည်။

ထို့နောက် နုနိတ်သည် အခွင့်အခါရတိုင်း မေဒိနနှင့် စကားပြောသည်။ မေဒိနတို့၏ တောင်ကြားသည်နုနိတ်၏ လောကဖြစ်လာပြီ။ တောင်များ၏ ဟိုမှာဖက် နေရောင်ရှိရာ လူများနေကြသော လောကသည် ဒဏ္ဍာရီပမာ ဖြစ်သွားပြီ။ ထိုဒဏ္ဍာရီကို တနေ့တွင် နုနိတ်က မေဒိနကို ပြောပြရန် ကြံသည်။ ထိုနောက် နုနိတ်က မေဒိနအား မရဲတရဲနှင့် မြင်မှုအကြောင်းကို ပြောပြသည်။

မေဒိန၏ စိတ်ထဲတွင် မြင်မှုဆိုသည်မှာ အင်မတိအင်မတန် စိတ်ကူးယဉ်သော ကဗျာဟုသာ အောက်မေ့သည်။ ပြီးလျှင် မေဒိနသည် နုနိတ်ပြောပြသော ကြယ်များအကြောင်း၊ တောင်များ အကြောင်းနှင့်အဖြူရောင်ထိုး၍ ချစ်စရာကောင်းလှသော သူ၏ မျက်နှာကလေးအကြောင်းများကို၊ နားမထောင်ကောင်းသော အရာများကို တိတ်တိတ်ပုန်းခိုး၍ နားထောင်သည့်ပမာ နားထောင်သည်။ နုနိတ်ပြောသည်များကို မေဒိနက မယုံနိုင်။နားလည်း ကောင်းစွာမလည်။သို့ရာ

တွင် မည်သည့်အကြောင်းကြောင့်ဟု မသိဘဲ မေဒိနကအလွန်သဘော ကျသည်။ နုနိုတ်စိတ်ထဲကမူ သူပြောသည်များကို မေဒိနက အကုန် အစင် နားလည်သည်ဟု ထင်သည်။

နုနိုတ်၏ အချစ်သည် အကြောက်ပြေ၍ ရဲစပြုလာသည်။နုနိုတ် က မကြာမီပင် သူ့အားမေဒိနနှင့် ထိမ်းမြား၍ပေးရန်၊ယကောက်နှင့် ရွာလူကြီးများထံတွင် ခွင့်ပန်တော့မည်ဟုကြံသည်။သို့ရာတွင် မေဒိန က ကြောက်နေသဖြင့် ဆိုင်းငံ့၍ ထားရသည်။ မေဒိန သရောတေနှင့် နုနိုတ်တို့ ကြိုက်နေကြကြောင်းကို ယကောက်သို့ ရှေးဦးစွာနားဖောက် သူမှာ မေဒိန၏ အစ်မတယောက်ဖြစ်သည်။

အစ ကနဦးကပင် နုနိုတ်နှင့် မေဒိန သရောတေတို့ ထိမ်းမြားမှုနှင့် ပတ်သက်၍ အပြင်းအထန် ကန့်ကွက်ကြသည်။ ထိုသို့ ကန့်ကွက်ကြ ခြင်းမှာ မေဒိနကို အထင်အမြင် ကြီးကြ၍မဟုတ်၊ နုနိုတ်သည် အူ ကြောင်ကြောင်နှင့် အရည် အခြင်းမရှိသော လူတမျိုးဖြစ်သဖြင့် လူတန်းမမှီသောကြောင့်ဖြစ်သည်။မေဒိန၏ အစ်မများက သူတို့အား လုံး ဂုဏ်ယုတ်သွားလိမ့်မည်ဟု အကြောင်းပြကာ ကန့်ကွက်ကြသည်။ အဖိုးကြီး ယယောက်လည်း ကိုးရို့ကားရားနိုင်၍ ကျိုးနွံသော သူ၏ ကျွန် နုနိုတ်ကို အနည်းငယ် သဘောကျလျက် နေသော်လည်း ဤကိစ္စ မှာ မဖြစ်နိုင်ကြောင်း ခေါင်းခါ၍ ပြောသည်။ လူငယ်အားလုံးကမူ သူတို့မျိုးရိုး ပျက်စီးရာ ပျက်စီးကြောင်း ဖြစ်သည်ဟု ပြောကာ စိတ် ဆိုးကြသည်။ လူငယ်တယောက်ကမူ နုနိုတ်ကို ဆဲဆို၍ပင် ရိုက်သည်။ နုနိုတ်ကလည်း ပြန်၍ရိုက်သည်။ ထိုအခါတွင် နုနိုတ်စိတ်ထဲ၌ မှုန်မှိုမှုန် မွှား အလင်းရောင်၌ပင် မြင်မှုရှိခြင်း၏ အကျိုးကို ပဌမအကြိမ်စ၍

သဘောပေါက်သည်။ ထိုရန်ပွဲ ပြီးသွားသောအခါကစ၍ နုနိုတ်အား မည်သူကမျှ ရန်စချင်သော အမူအရာကို မပြကြတော့။ သို့ရာတွင် သူတို့နှစ်ယောက် ထိမ်းမြားဘို့ ကိစ္စကိုမူ မဖြစ်နိုင်ဘူးဟူ၍သာ ယူဆမြဲ ယူဆကြသည်။

အဖိုးကြီးယကောက်မူ နောက်ဆုံးမွေးသော သူ့အထွေးဆုံးသမီးကို အင်မတန်ချစ်သည်။ မေဒိနက သူ့ပခုံးပေါ် ကိုမှီ၍ ငိုသောအခါ ယကောက်မှာ အတော်ပင် စိတ်မချမ်းမသာ ဖြစ်သွားသည်။

"ဒီကောင်က ကောင်ပေါ ဆိုဒါ သမီးသိတယ် မဟုတ်လား။ သူ့အယူအဆတွေကလဲ တခုမှ မမှန်ဘူး။သူလုပ်လိုက်ယင်လဲ အလွဲလွဲ အချော်ချော်ချည်းဘဲ"

"ငါ သိပါတယ်အဖေ "ဟု မေဒိနက ငို၍ပြောသည်။ ပြီးလျှင် ဆက်၍ "သဟာပေမင့် သူဟာ အယင်ကထက် တော်လာပါပြီ။ သူဟာ တိုးတက်နေပါတယ်။ ပြီးတော့ သူဟာ အားလဲကောင်းပါတယ် အဖေရယ်။ သနားကြင်နာစိတ်လဲ ရှိပါတယ်။ ကမ္ဘာပေါ်မှာ သူ့ထက် သနားကြင်နာစိတ် ရှိတဲ့လူ မရှိပါဘူး။ ပြီးတော့သူက ငါ့ကို ချစ်ပါတယ်။ ပြီးတော့ ငါကလဲ သူ့ကို ချစ်ပါတယ်–အဖေ" ဟုပြောသည်။

သူ့သမီးပူဆွေးနေသည့်အတွက် ယကောက်လည်းစိတ်မကောင်း။ ထို့ပြင် နုနိုတ်ကိုသူသဘောကျသည့်အချက် များစွာရှိနေသည့်အတွက်လည်း သူပို၍စိတ်မကောင်း။ ဤနည်းဖြင့် ယကောက်သည် ပြတင်းပေါက်မရှိသော အစည်းအဝေးဆောင်သို့ သွား၍ အခြား ရွာသူကြီးများနှင့် တိုင်ပင်သည်။ ပြီးလျှင် သူတို့ ပြောကြ ဆိုကြပုံကို အကဲခတ်သည်။ ပြီးလျှင် အခွင့်သင့်သည်နှင့် တပြိုင်နက် "နုနိုတ်ဟာ အယင်က

ထက် တော်လာပါပြီ။ တနေ့တွင် သူဟာသင်တို့ ငါတို့လောက်ပင် စိတ်ထားမှန်လာဘို့ အကြောင်းအများကြီးရှိပါသည်” ဟုပြောသည်။

ထို့နောက် လေးနက်စွာ ဆင်ခြင်သုံးသပ်၍ အမြော်အမြင်ရှိသော လူကြီးတယောက်က အကြံရသည်။ ထိုလူကြီးသည် သူတို့၏ ဆေးသမား၊ သူတို့၏ဆရာဝန်ဖြစ်ပြီးလျှင် သဘာဝတ္တဗေဒကိုလည်း ကောင်းစွာနားလည်၍၊ ထိုးထွင်းဉာဏ်နှင့်လည်း အင်မတန် ပြည့်စုံသည်။ သူ့စိတ်ထဲက နုနိုတ်၏ ရောဂါကို အင်မတန် ကုစားပေးချင်သည်။

တနေ့တွင် အစည်းအဝေး၌ ယကောက်ရှိနေစဉ်တွင် ဆေးသမားကြီးက နုနိုတ်အကြောင်းကို ပြန်၍ကောက်သည်။

“ဗေဂေါတရဲ့ ရောဂါကို ငါစမ်းသပ် ကြည့်ပြီးပြီ”ဟု ဆေးသမားကြီးက ပြောသည်။ ပြီးလျှင်ဆက်၍ “သူ့ရောဂါက အင်မတန် ရှင်းပါတယ်။ သူ့ကို ကုလို့ ရစရာအကြောင်း အများကြီး ရှိတယ်လို့ ငါထင်တယ်”ဟု ပြောသည်။

“ငါလဲ အမြဲဒီလိုဘဲ မြော်လင့်ခဲ့တယ်”ဟု ယကောက်က ပြောသည်။

“သူ့မှာ ဦးနှောက်ရောဂါရှိတယ်”ဟု မျက်မမြင် ဆရာဝန်ကပြောသည်။

အခြား ရွာလူကြီးများက သဘောတူကြသည်။

“သူ့ဦးနှောက်က ဘယ်လိုဖြစ်နေသလဲ”

“ကိုင်း ဆိုစမ်းပါအုံး” ဟု အဖိုးကြီး ယယောက်က ပြောသည်။

“သည်လိုပါ” ဟု ဆရာဝန်က သူ့အမေးကို သူ ပြန်၍ဖြေသည်။ ပြီးလျှင် ဆက်၍ “ဗေဂေါတ အဖို့မှာ၊ မျက်စိများလို့ ခေါ်တဲ့အရာ

များဟာ စမ်းကြည့်တော့လဲ ပျော့စိစိ ဟောက်တောက်တောက်နှင့် နူးနူးညံ့ညံ့ ရှိပေမဲ့ စင်စစ်တော့ သူ့ဦးနှောက်ကို ထိခိုက်လောက် အောင် ရောဂါဖြစ်နေတယ်။ အကြီးအကျယ်လဲ ပြည့်တင်းနေတယ်။ ပြီးတော့ မျက်တောင်မွေးများလဲ ရှိနေတယ်။ ပြီးတော့ မျက်ခမ်း များကလဲ လှုပ်ရှားတယ်။ ဒါ့ကြောင့် သူ့ဦးနှောက်ဟာ အမြဲတမ်း နှောက်ရှက်မှု ရနေပြီး ပျက်စီးနေတယ်”ဟု ပြောသည်။

“ဆိုပါအုံး၊ ဆိုပါအုံး” ဟု ယကောက်ကြီးက ပြောသည်။

“သူ့ရောဂါ လုံးဝပျောက်ကင်းသွားစေရန်အတွက်ဆိုယင် တခြား ဘာမှ လုပ်ဘို့ မလိုပါဘူး၊ လွယ်လွယ်ကလေးနဲ့ ခွဲစိတ်ကုသလိုက်ယင် ဖြစ်နိုင်ပါတယ်။ အဲဒီလို ယူဆစရာ အကြောင်း လုံလောက်စွာရှိပါ တယ်။ တနည်းဆိုယင် သူ့ကို အနှောက်အရှက်ပေးနေတဲ့ အရာများ ကို ဖယ်ရှားပစ်လိုက်ယင် ဖြစ်နိုင်ပါတယ်”

“အဲဒီလိုဆိုယင် သူ့စိတ်ဓာတ်ဟာ ငါတို့ စိတ်ဓာတ်လို မှန်လာ မလား”

“အဲဒီလိုဆိုယင် သူ့စိတ်ဓာတ်ဟာ လုံးဝမှန်လာပြီး နိုင်ငံသား ကောင်းတယောက် ဖြစ်လာမှာဘဲ”

“ကောင်းကင်ဘုံရဲ့ ကျေးဇူးဘဲ၊ လောကဓာတ်ပညာဟာ တယ် စွမ်းပါလား”ဟုပြော၍ ယကောက်သည် နုနိုတ်ဆီသို့ သွား၍ သတင်း ကောင်းကို ပို့သည်။

သို့ရာတွင် နုနိုတ်က ထိုသတင်းကောင်းကို ကြားရသောအခါ အင်းမလှုပ် အဲမလှုပ်လုပ်၍ နေသည်ကို တွေ့ရသဖြင့် ယကောက်သည် စိတ်ပျက်သွားသည်။

"သင်ပြောသည့် လေသံအရဆိုလျှင် သင်ဟာ ငါ့သမီးကို ဂရု မစိုက်ဘူးလို့ ဆိုစရာဖြစ်နေပြီ" ဟု ယကောက်က ပြောသည်။

မေဒိန သရောတေက နုနိတ်အား မျက်မမြင် ဆရာဝန်များ၏ စကားကို နားထောင်ရန် နားချသည်။

"သင်ဟာ ငါ၏ မြင်မှုပျောက်သွားသည်ကို အလိုမရှိဘူး မဟုတ် လား" ဟု နုနိတ်က မေးသည်။

မေဒိနက ခေါင်းခါသည်။

"မြင်မှုဟာ ငါ့ လောကဘဲ"

မေဒိနက ခေါင်းငုံ့၍ နေသည်။

"ပန်းပွင့်များ၊ ကျောက်ဆောင်ကြားက ကြောက်ခက်ပန်းများ၊ ကုလားအုပ်မွေး၏ ပေါ့ပါးနူးညံ့မှုများ၊ မိုးကောင်းကင်နှင့် တရွေ့ရွေ့ သွားနေသည့် တိမ်တိုက်များ၊ နေဝင်ခြင်းများ၊ ကြယ်များဟာ တင့် တယ်မှုများ ဖြစ်သည်။ သင်၏ တည်ငြိမ်၍ ချစ်ဖွယ် ကောင်းသော မျက်နှာ၊ သင်၏ကြင်နာမှုရှိသော နှုတ်ခမ်းများ၊ သင်၏ လှပစွာ ပိုက်ထားသော လက်များနှင့်တကွ သင့်ကိုကြည့်ရန် ကိစ္စတခုတည်း အတွက်ပင်လျှင် မြင်မှုရှိခြင်းသည် အဖိုးထိုက်တန်လှပြီ။.... ဟိုလူပေါ ကြီးတွေက သင်ရထားတဲ့ ငါ့မျက်စိ၊သင့်ကို ငါကချစ်စေမှုကို ဖြစ်စေတဲ့ ငါ့မျက်စိများကို ထုတ်ပစ်ချင်နေကြသည်။ ငါသည် သင့်အား လက် နှင့်သာ စမ်းကြည့်ပြီး၊ သင့်အသံကို ကြားရုံသာ ကြားရတော့မည်၊ နောင်ကို ဘယ်တော့မှ မြင်ရတော့မည်မဟုတ်။ငါသည် သင်၏အတွေး အခေါ်များ ကြုံလို့နေရာဖြစ်သည့်၊ ကြောက်မက်ဖွယ်ကောင်းသော ကျောက်ခေါင်မိုး၏အောက် အမှောင်တွင်းသို့ ရောက်ရတော့မည်။

မဖြစ်နိုင်ပါဘူး။ သင်က ငါ့မျက်စိကို ဖောက်ထုတ်ဖို့ အလို မရှိချင်ပါနှင့်"

နုနိုတ် စိတ်ထဲတွင် သဘော မတူလိုသောဆန္ဒ ပေါ်လာသည်။ နုနိုတ်သည် စကားကို ရပ်လိုက်ပြီးလျှင် သူ့ကိစ္စနှင့် ပတ်သက်၍ သောင်မတင် ရေမကျ လုပ်ထားသည်။

"ငါ့ ဆန္ဒကတော့"ဟု ပြောသည်။ ပြီးလျှင် "တခါတလေ" ဟု ပြောသည်။

"ပြောစမ်းပါအုံး"ဟု နုနိုတ်က စိုးရိမ်စွာ မေးသည်။

"ငါ့ဆန္ဒကတော့ တခါတလေ သင်က ဒီလို မပြောစေချင်ဘူး"

"ဘယ်လိုလဲ"

"ကောင်းတယ် ဆိုဒါလဲ ငါသိပါတယ်။ သင့် စိတ်ကူးဘဲ။ ငါလဲ သဘောကျပါတယ်။ ဒါပေမဲ့ အခု...."

နုနိုတ်သည် ရင်ဖို၍သွားသည်။ ပြီးလျှင် "အခု" မေဒိနပြောသံကို တိုးတိုးကလေး လိုက်၍ပြောသည်။

မေဒိနသည် ငြိမ်၍နေသည်။

"သင် ဆိုလိုဒါက- သင့်အထင်က ငါ့အဘို့ ပိုကောင်းလာလိမ့်မယ်ပေါ့၊ ဟုတ်ချင်လဲ ဟုတ်မှာဘဲ...."

နုနိုတ်သည် သူ့အခြေအနေကို သူ လျင်မြန်စွာ သဘောပေါက်လာသည်။ သူသည် သူ၏ ဆိုးရွားသော ကံကြမ္မာအစဉ်ကို စိတ်ဆိုးလာသည်။ သို့ရာတွင် မေဒိန၏ နားမလည်မှုအတွက်မူကား ကိုယ်ချင်းစာတရား ဖြစ်ပေါ်မိသည်။ ထိုကိုယ်ချင်းစာ တရားသည် ကရုဏာတရားအဖြစ်သို့ပင် နီးစပ်သွားသည်။

"ချစ်သူရယ်" ဟု နုနိုတ်က ပြောသည်။ ပြီးလျှင် မေဒိနာ၏ ဖြူဖွေးသော အရောင်ကို ကြည့်ရခြင်းအားဖြင့် မေဒိနမှာ သူ့ဟာသူ ဖော်မပြောတတ်သော အကြောင်းများအတွက် အများကြီး စိတ်ရှုတ်နေသည်ကို သိရသည်။ နုနိုတ်သည် မေဒိနကို ဖက်ထားပြီးလျှင် မေဒိန၏ နားရွက်ကိုနမ်းသည်။ပြီးလျှင် သူတို့နှစ်ယောက်သည် စကားမပြောဘဲ အကြာကြီး ငြိမ်နေသည်။နောက်ဆုံးတွင် နုနိုတ်က အလွန်ချိုသာသောအသံဖြင့် "ဒီကိစ္စကို ငါသဘော တူရမည် ဆိုလျှင်တော့" ဟု ပြောသည်။

မေဒိနသည် ရှိုက်ကြီးတငင်ငို၍ နုနိုတ်ကို ဖက်ထားပြီးလျှင် "အို သင် သဘောတူမည် ဆိုယင်တော့၊ သင် သဘောဘူမည်ဆိုယင်တော့" ဟု ရှိုက်၍ ရှိုက်၍ပြောသည်။

## ဆုံးဖြတ်ချက်

သူ့အား ကျွန်အဖြစ်နှင့် အောက်တန်းကျသော အခြေအနေမှ လွတ်မြောက်၍ မျက်မမြင်ပြည်သား အဖြစ်သို့ ရောက်စေမည့် ခွဲစိပ်ကုသမှုမလုပ်မီ တနင်္နွေတပတ်အတွင်း၌ နုနိုတ်သည် လုံးဝမအိပ်နိုင်။ အခြားသူများ နှစ်ခြိုက်စွာအိပ်နေကြသော နေထွက်ချိန် တလျှောက်လုံးတွင် နုနိုတ်သည် သူ့အခက်အခဲကို ဖြေရှင်းနိုင်ရန်အတွက် တခါတရံ ထိုင်ယင်း စဉ်းစား၍ တခါတရံ ရှောက်မိ ရှောက်ရာ ရှောက်ပြီး အကြံထုတ်နေသည်။ နုနိုတ်သည် စကားပြန်လိုက်ပြီ။သဘောတူလိုက်ပြီ။ သို့နှင့်လည်း သူ့စိတ်ထဲက မသေချာသေး။ နောက်ဆုံးတွင် အလုပ်ချိန်ကုန်၍ ရွှေရည်လိမ်းသော တောင်ထိပ်များပေါ်မှ နေကြီး

သည် တင့်တယ်စွာ ထွက်ပေါ်လာပြီ။ ထိုနေ့သည် သူ၏ မြင်မှုအဖို့ နောက်ဆုံးနေ့ ဖြစ်သည်။ မေဒိနသရောတေသည် အိပ်ရန်အတွက် သူနှင့်ခွဲ၍ မသွားမီတွင် နုနိတ်သည် မေဒိနနှင့် တခဏဘာမျှ စကား ပြောလိုက်ရသည်။

"နက်ဖြန်က စပြီး နောက်ကို ငါဘယ်တော့မှ မြင်ရတော့မှာ မဟုတ်ဘူး"ဟု နုနိတ်ကပြောသည်။

"မေ့ အသဲရယ်"ဟု မေဒိနက ပြော၍ နုနိတ်၏ လက်များကို တအားကုန် ဆုပ်ကိုင်ထားသည်။

"သိပ်နာမှာ မဟုတ်ပါဘူး" ဟု မေဒိနကပြောသည်။ ပြီးလျှင် ဆက်၍ "သင်ဒီလို အနာခံရဒါ၊ သင်အခုလို လုပ်ရဒါဟာ ငါ့အတွက် ပါ ချစ်သူရယ်။....သင့်အချစ်ကို မိန်းမတယောက်၏ နှလုံး၊ မိန်းမတ ယောက်၏ ဘဝဖြင့် အတတ်နိုင်ဆုံး ငါတုံ့ပြန်ပါမည် ချစ်သူ။ အသံ ချိုတဲ့ အချစ်ဆုံးရယ်၊သင့်အချစ်ကို ငါတုံ့ပြန်ပါတယ်"ဟုပြောသည်။

နုနိတ်၏ တကိုယ်လုံးသည် ဘူ့ကိုယ်သူ သနားစိတ်နှင့်၊ မေဒိနကို သနားစိတ်တို့ဖြင့် စိုရွဲနေသည်။

နုနိတ်သည် မေဒိနကို ပွေ့ထားပြီးလျှင် မေဒိန၏ နှုတ်ခမ်းများ ကို သူ့နှုတ်ခမ်းများဖြင့် ကပ်ထားသည်။ ပြီးလျှင် မေဒိန၏ ချစ်စရာ ကောင်းသော မျက်နှာကလေးကို နောက်ဆုံးအကြိမ် ကြည့်သည်။ "ခွဲကြစို့နော်"ဟု နုနိတ်က သူ ချစ်မြတ်နိုးသော မြင်မှုကို နှုတ်ဆက် သည်။ "ခွဲကြစို့နော်"

ထို့နောက် နုနိတ်သည် မေဒိနထံမှ တိတ်ဆိတ်စွာ ခွါခဲ့သည်။

ဖြည်းညှင်းစွာ ထွက်ခွါသွားသော နုနိတ်၏ ခြေသံများကို မေဒိန

ကြားရသည်။ ထိုခြေသံတို့၏ တင့်တယ်မှုသည် မေဒိနအား သည်းစွာသော ငိုကြွေးခြင်းကို ဖြစ်စေသည်။

သူ့စိတ်ထဲက အကြံမှာ လှပသော နာစစ္စုပ်ပန်းတို့ ပွင့်ရာ မြက်ခင်းပေါ်သို့ တယောက်တည်း သွား၍ သူ့မျက်စိများကို ဖောက်ထုတ်ချိန်ရောက်အောင် ထိုနေရာတွင် နေရန်ဖြစ်သည်။ သို့ရာတွင် ထိုသို့သွားယင်းနှင့် အပေါ်သို့ မော့ကြည့်လိုက်ရာနံနက်လင်းလာသည်ကို တွေ့ရသည်။ နံနက်ခင်းသည် ရွှေကိုယ်ကြပ်ကိုဝတ်၍ထားသော တမန်တော်နတ်သားအသွင်ဖြင့် တောင်ထိပ်များပေါ်မှ ချီတက်လာသည်။

နံနက်ခင်း၏ သာယာမှုနှင့် နှိုင်းစာလိုက်သော် သူကိုယ်တိုင်နှင့် တကွ တောင်ကြားရှိ မျက်မမြင်တိုင်းပြည်နှင့် သူ့ချစ်သူ မေဒိနတို့ ထံမှာ ဒုစရိုက်တွင်းကြီးနှင့်သာ တူသည်ဟု သူ့စိတ်က ထင်ရသည်။

နုနိုတ်သည် သူ့စိတ်ထဲက ကြံထားသည့်အတိုင်း ဘေးဖက်သို့ မလှည့်တော့ဘဲ၊ ရှေ့တည့်တည့်ကြီးသို့ သွားသည်။ ဤနည်းဖြင့် နုနိုတ်သည် နယ်ခြားတန်တိုင်းကို ဖြတ်၍ ကျောက်ဆောင်များပေါ်သို့ ရောက်သွားသည်။ နုနိုတ်သည် မည်သည့်အရာကိုမျှ မကြည့်ဘဲ၊ နေရောင်ဟပ်၍ နေသော ရေခဲများ နှင်းခဲများကိုသာ အမြဲကြည့်၍ သွားသည်။

နုနိုတ်သည် နေရောင်ဟပ်နေသော ရေခဲများ နှင်းခဲများ၏ အပိုင်းအခြားမရှိသော တင့်တယ်မှုကို မြင်ရသည်။ သူ၏ စိတ်ကူးများသည် ရေခဲနှင်းခဲများအပေါ်မှဖြတ်ကျော်၍၊ နောက်ထပ် သူဘယ်တော့မှ ပြန်မရောက်တော့မည့် ဟိုမှာဖက်ရှိ အရာဝတ္ထုများဆီသို့ ရောက်သွားသည်။

နုနိုတ်သည် သူနှင့်ကွဲကွာနေသော လှဘ်လပ်သော ကမ္ဘာကြီးကို စဉ်းစားမိသည်။ ထိုကမ္ဘာကြီးသည် သူ၏ကမ္ဘာကြီး အစစ်ဖြစ်သည်။ ထိုမှတဖန် ခရီးအထပ်ထပ် ဝေးကွာသော ကုန်းစောင်းများနှင့် ဗောဂေါတမြို့တော်ကြီးကို စဉ်းစားမိပြန်သည်။ ဗောဂေါတ မြို့တော်ကြီးသည် သာယာမှုအဖုံဖုံတို့ တည်ရာဖြစ်သည်။ဗောဂေါတသည် နေ့အခါတွင် ကျက်သရေရှိ၍ ညအခါတွင် ထွန်းပြောင်၍ အံ့ဘွယ်ဖြစ်သည်။ တရက်နှစ်ရက်လောက်ကြာလျှင် သူသည် တောင်ကြားလမ်းများကို ဖြတ်၍ ဗောဂေါတမြို့တော်၏ စည်ကားသော လမ်းအသွယ်သွယ်နှင့် နီးကပ်၍ နီးကပ်၍ လာတော့မည့် အဖြစ်ကိုလည်း နုနိုတ် စဉ်းစားမိသည်။ ထို့ပြင် ဗောဂေါတမြို့တော်မှ လွန်၍ ရေလမ်းဖြင့် သွားရမည့် ပို၍ကျယ်ဝန်းသော ကမ္ဘာကြီး အတွင်းရှိ မြို့များ၊ ရွာများ၊ တောအုပ်များ၊ သဲကန္တာရများ၊ နေ့စဉ်ရက်ဆက် အဟုန်ပြင်းစွာနှင့် စီးဆင်းနေသောမြစ်များဆီသို့ ရောက်ပြီးနောက် ထိုမြစ်များသည် ကမ်းမမြင်မျှ ကျယ်ဝန်းလာကြပြီးလျှင်၊သင်္ဘောကြီးများ ခုတ်မောင်းရာသို့ ရောက်ပြီးနောက် နောက်ဆုံးတွင် အပိုင်းအခြား မရှိသော ကျွန်းပေါင်း ထောင်သောင်းများစွာနှင့် ဖြစ်သော ပင်လယ်သို့ ရောက်နိုင်သည့် အဖြစ်ကိုလည်း စဉ်းစားမိသည်။ ပင်လယ်သို့ ရောက်သောအခါတွင် ကမ္ဘာတဝှန်းလုံးသို့လူးလာခေါက်တုံ့ ရစ်ပတ်ခုတ်မောင်း၍ နေသော သင်္ဘောကြီးများကိုလည်း တရေးရေး တွေ့မြင်ရလိမ့်မည်။ အပြင်လောကကြီးသို့ ရောက်၍လာသောအခါ ကောင်းကင်ပြင်သည် မျက်မမြင်ပြည်မှာကဲ့သို့ ကွက်ကွက်ကလေး မမြင်ရဘဲ တောင်တန်းများ ဖုံးကွယ်ထားခြင်းမရှိသော ကောင်းကင်ပြင်ကိုလည်း မြင်ရလိမ့်မည်။

အပြင်လောက၏ ကောင်းကင်ပြင်မှာ နက်ရှိုင်းခြင်း အပေါင်းတို့၏ တည်ရာ၊ အပိုင်းအခြားမရှိသော ကြယ်အပေါင်းတို့ လှည့်လည်နေရာ၊ အပြာခုံးကြီးဖြစ်သည်။

နုနိုတ်သည် သူ၏ ထက်မြက်သော မျက်စိများဖြင့် ရှေ့က ကာဆီး၍နေသော တောင်စဉ် တောင်တန်းကြီးများကို အထူးဂရုစိုက်၍ ကြည့်သည်။

ဥပမာဆိုသော် အကယ်၍ သူသည် ချောင်းရိုးမှ မီးခိုးခေါင်းတိုင် ထိအောင် တက်၍သွားမည်ဆိုလျှင် ထင်းရှူးပု တောသို့ ရောက်လိမ့်မည်။ ထင်းရှူးပုတောသည် ကမ်းပါးစောက်တဝိုက်တွင် ပေါက်လျက်ရှိပြီးလျှင် တဖြည်းဖြည်းနှင့်မြင့်၍ တက်သွားပြီးလျှင် ရှိုကြီး၏အထက်သို့ ရောက်သွားလိမ့်မည်။ ပြီးလျှင်ကော။ ပြီးလျှင် ထိုမှတဖန် တွေ့ရသောကုန်းစောင်းမှာ တက်ဖြစ်နိုင်လိမ့်မည်။ ထိုနေရာမှတဖန် နှင်းခဲများ၏ အောက်ဖက်ရှိ ကမ်းပါး အစောက်ကြီးသို့ ရောက်နိုင်သော တက်လမ်းကိုရှာ၍ တွေ့နိုင်ဘွယ်ရှိသည်။ အကယ်၍ ထိုမီးခိုးခေါင်းတိုင်ထက်မှတက်၍ မရခဲ့သည်ရှိသော် အရှေ့ဖက်တွင်ရှိသော တက်လမ်းက သူ့အဖို့ ပို၍ပင် ကောင်းဦးမည်။ ထို့နောက် သူသည် ဝါရောင်ဟပ်နေသော လူသူ မရောက်သော တောင်ထိပ်သို့ တက်ရာတဝက်ခရီးဖြစ်သော နှင်းခဲပြင်သို့ ရောက်လိမ့်မည်။

နုနိုတ်သည် မျက်မမြင်ရွာသို့ တချက်ကြည့်လိုက်ပြီးလျှင် လက်ျာရစ်ပြန်လှည့်ပြီးလျှင် သေသေချာချာကြည့်သည်။

နုနိုတ်သည် မေဒိန သရောတကို သတိရသည်။ မေဒိနသည် သေးငယ်၍ ဝေးလံသွားပြီ။

နုနိုတ်သည် မျက်မမြင်ပြည် ဘေးက ကာလျက်ရှိသော တောင်ကြီးဆီသို့ ဦးတည်၍ သွားသည်။ ထိုတောင်အနီးတွင် မိုးလင်း၍လာသည်။

ထို့နောက် နုနိုတ်သည် သတိကြီးစွာထား၍ တောင်ကိုတက်သည်။

နေဝင်ချိန်ရောက်သောအခါတွင် နုနိုတ်အဖို့ တောင်တက်ခြင်းပြီးဆုံးသည်။ နုနိုတ်မှာ အမြင့်ကြီးသို့ ရောက်နေပြီ။ သူ့အဝတ်များသည် စုတ်ပြဲကုန်သည်။ သူ့ခြေလက်များလည်း သွေးအလိမ်းလိမ်းဖြစ်၍နေသည်။ သူ့တကိုယ်လုံးလည်း အသားများကြေ၍နေသည်။ သို့ရာတွင် သူသည် ချမ်းသာ ဘိသကဲ့သို့ နေသည်။ သူ့မျက်နှာသည်လည်း ရွှင်ပြုံး၍နေသည်။

သူ နားနေသော နေရာမှ ကြည့်လိုက်သောအခါ မျက်မမြင်တိုင်းပြည် တောင်ကြားမှာ တွင်းကြီးနှင့်တူ၍တမိုင်လောက်နက်သည်။သူ့ဘေးပတ်လည်ရှိ တောင်ထိပ်များတွင် နေရောင် တောက်နေသေးသော်လည်း မှုဆိုင်းသဖြင့် မှောင်ရိစ ပြုလာပြီ။ သူ့ဘေးပတ်လည်ရှိ တောင်ထိပ်များတွင် နေရောင် တောက်လျက်ရှိသေးသည်။ သူ့အနီးတွင်ရှိသော ကျောက်ဆောင် ကျောက်တုံးများမှာ ကောင်းစွာမြင်ရပြီးလျှင် ကြည့်၍ အင်မတန်လှသည်။ ဖောင်းဝတ်ရောင်အောက်ခံတွင် အစိမ်းရောင် သတ္တုကြောကြီးမှာ ထင်း၍နေသည်။ စလင်းကျောက်များသည်လည်း ဟိုနေရာတချို့ သည်နေရာတချို့ အရောင်တောက်၍ နေသည်။ သူ့မျက်နှာနားတွင် အလွန်သေးငယ်သော လိမ်မော်ရောင် ကျောက်ခက်ပန်းရှိသည်။ ရှိုကြီးထဲတွင် အလွန်ဆန်းကြယ်၍ အတွေးရခက်သော မှောင်ရိပ်များ ထိုးလျက်ရှိသည်။ ထို

မှောင်ရိပ်တို့သည် အပြာရောင်မှခရမ်းရောင်သို့ ပြောင်းလျက်ရှိသည်။ ခရမ်းရောင်မှ တဖန် တောက်ပြောင်သော အမည်းရောင်သို့ ပြောင်းသွားပြန်သည်။ သူ့ဦးခေါင်းထက်တွင်မူ အပိုင်းအခြား မရှိသော ကောင်းကင်ပြင်ကြီးရှိသည်။ သို့ရာတွင် နုနိတ်သည် ထိုအရာများကို ဂရုမစိုက်တော့ဘဲ ငြိမ်သက်စွာနားနေသည်။ သူ့ကိုယ်သူ ရှင်ဘုရင်ဟု ထင်နေခဲ့သော မျက်မမြင်တို့ နေရာတောင်ကြားမှ လွတ်မြောက်လာခဲ့ရခြင်းနှင့်ပင် ကျေနပ် ရောင့်ရဲနေဘိသည်ပမာ နုနိတ်သည် ပြုံး၍နေသည်။

ညနေချမ်းလွန်၍ ညအချိန်သို့ ရောက်ပြီ။ သို့ရာတွင် နုနိတ်သည် အေးမြသော ကြယ်ရောင်များကို ခံယူလျက် အေးချမ်းရောင့်ရဲစွာလည်း လျောင်း၍ နေလျက်ပင် ရှိသည်။ ။

သိပ္ပခေါင်အား၊ တတ်မြောက်မြားမှု၊ တောသားရန်အောင်၊ ခြသေ့
ယောင်သို့၊ မရှောင်မညာ၊ တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်"
ရှင်ရဋ္ဌသာရ။

# မြန်မာ့ စွယ်စုံကျမ်း အတွဲ ၄

ထွက်ပါပြီ

စ-အက္ခရာ "စောင်း" မှ၊ တ-အက္ခရာ "တူ" အထိ၊ ဝိဇ္ဇာ နှင့် သိပ္ပံ
ပညာရပ်ပေါင်း ၃၄၀ ပါဝင်သည်။

သားစဉ် မြေးဆက် တရိုတသေ သိမ်းဆည်းထားရမည့်
အိမ်ကြက်သရေဆောင် ကျမ်းကြီး ဖြစ်ပါသည်။

× × × × ×

အတွဲ ၁ မှ ၄ အထိ တတွဲလျှင် ၂၅ ကျပ်စိ

☆ ငွေ လက်ငင်းပေး၍ ဝယ်လိုသူများ အရပ်ရပ် စာပေဗိမာန်
ကိုယ်စားလှယ်များထံတွင် ဝယ်ယူပါ

☆ လစဉ်ပေး အရစ်ကျ စံနစ်ဖြင့် ဝယ်ယူလိုသူများ အောက်ပါ
ဌာနနှင့် ဆက်သွယ်ပါ

အရစ်ကျ အရောင်းဌာန
စာပေဗိမာန်၊ ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။

---

စာပေဗိမာန် ပုံနှိပ်တိုက် ၃၆၁၊ ပြည်လမ်းတွင် ရိုက်နှိပ်၍
စာတည်းမှူး ဦးမြတ်စိုးက ထာဝန်ခံထုတ်ဝေသည်။

## ဘာသာပြန် စာအုပ်ကောင်းဖတ်လိုသူ
## များအဖို့

သခင်ဘသောင်း၏

# မျက်မမြင်တိုင်းပြည်

ကမ္ဘာကျော် စာရေးဆရာကြီး အိပ် - ဂျီ - ဝဲ ၏ **THE COUNTRY OF THE BLIND** ခေါ် စိတ်ကူးယဉ် အဆန်း တကျယ်ဝတ္ထုကို ကျကျနန မြန်မာ ပြန်ဆိုထားသည်။

**အဖိုး ပြား ၅၀ - မျှသာ**

---

ဗိုလ်အေးမောင်၏

# သေရွာပြန်

စုံထောက် ရှားလောက်ဟုမ်း ဝတ္ထုများကို ဖန်တီးသော စာရေးဆရာကြီး ဆာ - အာသာ - ကိုနန် - ဒွိုင်း၏ **RODNEY STONE** ခေါ် ဝတ္ထုကို မြန်မာပြန်ဆိုထားသည်။

**အဖိုး ၁ - ကျပ် မျှသာ**

---

**အမြို့မြို့ စာအုပ်ဆိုင်တိုင်းတွင် မေး၍ ဝယ်ပါ။**